www.burmeseclassic.com

အေးမြရှင်လန်း

# မြတ်ပဋ္ဌာန်း

## သိကောင်းစရာနှင့် ကိုယ်တွေ့ဖြစ်ရပ်များ

BURMESE CLASSIC .com

သုရဋ္ဌမဂ္ဂဇင်းစာတည်းအဖွဲ့
စီစဉ်ပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အေးမြရှင်လန်း

# မြတ်ပဌာန်း

သိကောင်းစရာ နှင့် ကိုယ်တွေ့ဖြစ်ရပ်များ

သူရဇ္ဇမဂ္ဂဇင်းစာတည်းအဖွဲ့

စီစဉ်ပူဇော်သည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အတွင်းအသားခွင့်ပြုချက်အမှတ် ၂၃၀/ ၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၀ / ၂၀၀၃ (၄)
ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၂၀၀၀
ထုတ်ဝေသူ ဒေါ်မိုးကေနိုင်
ချိုတေးသံစာပေတိုက်
(မြ - ၀၁၆၉၂)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ
မျက်နှာဖုံးနှင့် ဦးဝင်းအောင်
အတွင်းပုံနှိပ်သူ သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော် | ၁ |
| ၂။ | ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ဂုဏ်တော်ဖွဲ့ဘုရားရှိခိုး | ၃ |
| ၃။ | မဟာပဋ္ဌာန်းအမွှန်း | ၄ |
| ၄။ | နတ်ပင့်ဂါထာတော် | ၅ |
| ၅။ | ပဋ္ဌာန်းတရား နာကြားရန်အတွက် နတ်ပြဟ္မာများအား ဖိတ်ကြားရန် | ၅ |
| ၆။ | မြတ်စွာဘုရားအား ရှိခိုးကန်တော့ရန် | ၇ |
| ၇။ | ပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသပါဠိ | ၇ |
| ၈။ | ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသပါဠိ | ၈ |
| ၉။ | သာဓုခေါ်ဆို မြတ်ကုသိုလ် ဂါထာတော် | ၁၉ |
| ၁၀။ | ပဋ္ဌာန်းမေတ္တာပို့ ဂါထာတော် | ၁၉ |
| ၁၁။ | နတ်ပြဟ္မာများ ပြန်ပို့ရန် ဂါထာတော် | ၂၀ |
| ၁၂။ | ရေစက်ချအမျှဝေ | ၂၁ |
| ၁၃။ | ဆုတောင်း | ၂၂ |
| ၁၄။ | ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ပစ္စယုဒ္ဒေသနိဿယ (အလင်္ကာအနက်) | ၂၂ |
| ၁၅။ | ပဋ္ဌာန်းတန်ခိုးတော်ကြီးကို ပူဇော်ချင်သည့် အာသိသ ဆရာဦးမောင်မောင်သန်း(ရင်ကိုဖေးမြစေသား) | ၂၇ |
| ၁၆။ | အနန္တနယ သမန္တ မဟာပဋ္ဌာန်း သိကောင်းစရာနှင့် ကိုယ်တွေ့ဖြစ်ရပ် တက္ကသိုလ်တင်ဟန်ကျော် | ၃၅ |


* * *

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒါန

ဦးအောင်မြတ် + ဒေါ်ချောသီရိနိုင်
သား အောင်ပြည့်စုံဖြိုး
မိသားစုမှ လှူဒါန်းပါသည်။

## မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့်
## ဘုရားပင့် ဂါထာတော်

၁။ နီလာ နီလာ နိဒ္ဒသန္တို၊
ပီတာ ပီတာ စ ရံသိယော။
လောဟိတာ လောဟိတာ စာဘာ၊
ဩဒါတော ဒါတရံသိယော။
၂။ တမှာ တမှာ စ မဉ္ဇိဋ္ဌာ၊
ပဘာဿန္တိ ပဘာဿရာ။
ဇဝံ ဆဗ္ဗဏ္ဏရံသီ သော၊
ဠာတု မေ ဘဂဝါ သိရော။

၁။ ပဋ္ဌာန်-နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကို သမ္မာသန္တသ အနုလုံ ပဋိလုံ အစုန်အဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်၏။ နီလာ-ဆံတော်၊ မုတ်ဆိတ်တော် မျက်ဝန်းတော် တစ်ခို စိမ်းညိုသော အရပ်ဌာနမှ။ နီလာ- ကြာညို ခွာညို ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသားလိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်။ နိဒ္ဒရန္တို-နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်ကလွှမ်းမိုး၍ ဖြိုးဖြိုး ကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ပီတာစ-သိဂီရွှေလှော် ,အရေတော်မှလည်း။ ပီတာ- မဟာလှေကား ရွှေစံကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော။ရံသိယော-ဝါရောင်ဝင်းလျှပ် ရွှေမသောရောင်ခြည်ဓာတ်တို့သည်။ နိဒ္ဒရန္တို-နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

လောဟိတာ- အာတော် လျှာတော် နှုတ်ခမ်းတော်နှင့်ခြေဖဝါးလက်ဖဝါးစသော ကိုယ်တော်အစိတ်အစိတ်မှ။ လောဟိတာ-ခေါင်းရမ်း၊ နှင်းဆီ၊ ကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်း ရှိတုန်သော။ အာဘာ- နီရောင်ဝင်းလျှပ် နီသောရောင်ခြည်ဓာတ်တို့သည်။ နိဒ္ဒရန္တို-နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ဩဒါတာ- စွယ်တော် သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏလုံမွေးရှင်တော်ဓာတ်မှ၊ ဩဒါတရုံသိယော- စံပယ်၊ ကြက်ရုံ၊ ငွှန်းပန်းကုံးနှင့် ငွေတုံးဘော်စိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်း အသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော်ဓာတ်တို့သည်၊ ဓိဋ္ဌရုန္တိ- နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

၂။ တမှာ တမှာ- အထက်ဆံဖျားတော် တစ်လျှောက်မှ အောက်ခြေဖဝါးတော်တစ်ခို ထိုထို ထိုထို ကိုယ်တော် အစိတ်အစိတ်မှ၊ မဉ္ဇိဋ္ဌာစ- ခရမ်းသွေးအရောင်၊ မရန်းသွေးအရောင် တဝေဝေတပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော်တို့သည် လည်းကောင်း။

ပဘဿရာ စ- နတ်မီးအရောင် လျှပ်စီးအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန်ရောင်ထွက်သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည် လည်းကောင်း၊ ပဘာသန္တိ- နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ဓဝံ- ဤရောင်ခြည်ခြောက်သွယ် ဂုဏ်တော်အထူးကို ချီးကျူးဖွင့်ဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗဏ္ဏရံသီ-အညီတစ်ဖြာ အဝါတစ်လီ အနီတစ်ဆူ အဖြူတစ်ကြောင်း အမောင်းတစ်ချက် ပြိုးပြက်ငွားငွား ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်ကို ဖိုးပိုင်ရရှိတော်မူပေသော။ ဘဂဝါ- ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူ ညွှတ်ရုံ အထွက်ဆုံးလည်း ဖြစ်တော်မူပေထသော၊သော- ထိုသုံးလောကညွှန့်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူပေသော ရှင်တော်မြတ်ဘုရားသည်။ မေ- ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏။ သိရေ- ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင်ထွတ်ပေါ်၌။ဋ္ဌာတု-ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နားကိန်းဝပ်တော်မူလှည့်ပါ၊ သုံးလောကကေသျှောင် ရွှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

*(လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး)*

BURMESE CLASSIC .com



## ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ဂုဏ်တော်ဖွဲ့ ဘုရားရှိခိုး

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဣမံ ပဋ္ဌာနတ္တံ ဒေသိတံ အဟံ ဝန္ဒာမိ။

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အာရမ္မဏပစ္စယော၊ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အနန္တရပစ္စယော၊ နာမ်တရားကိုသာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ သမနန္တရပစ္စယော၊ နာမ်တရားကိုသာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ သဟဇာတပစ္စယော၊ ရုပ်နာမ်တရားတို့က တကွဖြစ်ကြ၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အညမညပစ္စယော၊ ရုပ်နာမ်အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ (ဝါ) မှီဝဲထုံတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အာဟာရပစ္စယော၊ ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း(ဝါ) ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ သမ္ပယုတ္တပစ္စယော၊

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဝိဂတပစ္စယော၊ ကင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပစ္စည်းတို့သည် (ဝါ) နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကမ်း ပဋ္ဌာနတ္ထုံ၊ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီးအတွင်းမှာ တင်းကျမ်းပြည့်ရှိ၍ နေကြသော ပဋ္ဌာန်းအနက်ပစ္စည်းတွေ အဆက်ဆက်ကို။ ဒေသိတံ၊ ဝေနေယျများ နားလည်သွားအောင် ဟောကြားတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ ကိုယ်တော်မြတ်အစား ရုပ်ပွားစေတီတော်များနှင့်တကွ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို။ အဟံ၊ သံသရာဝဋ်ဆိုး ပဋ္ဌာန်းအကြောင်းအကျိုး အမျိုးမျိုးတို့က နှိပ်စက်သမျှ ခံနေရသော အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ပဋ္ဌာန်းပစ္စည်း ဆင်းရဲကြောင်း အနည်းနည်းတို့အထဲမှ အပြီး လွတ်ကင်းလိုငြား ရှိညွတ်တွား၍ ရှိခိုးပါ၏ အရှင်ဘုရား။

## မဟာပဋ္ဌာန်းအမွှန်း

ဘဂဝန်ဘုန်းလှိုင် နှုန်းပြိုင်တုကင်း အဖက်ကွာ၍ စကြာမင်းအစစ် ဖြစ်ကြီး ဖြစ်တော်မူသော တိဘဝဂါရဂု သယမ္ဘူရှင်တော်မြတ်ဘုရားသည် ငါးပါးမာန်နှင် ပလ္လင်ဝွေထွတ် မြေတမွတ်ဝယ် ရွှေဝတ်လွှာမံ့ ကြာပဒုံသို့ အစုံလေးလီ ခိုင်နှင်း ဆီကို လှမ်းမှီဆွတ်ချွေ၍ ကရွှတ်ခွေဝင့်စက်မှ လွတ်ထွက်တော်မူပြီးနောက် သတ္တာသတ္တ နဝတာလီ ကိန်းယာယီဖြင့် ခိုမှီပြောင်းစံတော်မူဆဲအခါ ရတနာ ဃရ သတ္တာဟဝယ် ဓမ္မနက်ကျယ် သမုဒ်နယ်သို့ ဆန်းကြယ်နက်ဝှမ်း ပဋ္ဌာန်း ကျမ်းကို ထောက်လှမ်းမြူးကွန့် ရွှေဉာဏ်တော်လွန့်လေသော် ရောင်ညွှန့်ရောင် စွယ် ရွှေဘုန်းတော် ခြယ်သောကြောင့် သပ္ပာယ်လို့ရှုမဆုံး မိုးလုံးတပြင် ဝေဟင် အပြန့် မရပ်တန့်ဘဲ မဆန့်နိုင် တဝေဝေ ညို၊ ရွှေ၊ နီ၊ ဖြူ အဆူဆူထွေးယှက် လျက် နီမောင်းရောင်ထွက် လျှပ်စီးတွေလက်သလို ပြိုးပြိုးပြက် တငွားငွား ရောင် ခြောက်စုံကစားလျက် လောကဓာတ်တိုက်အများကို ဖြန့်လွှားအုပ်ခြုံတော်မူကြ လေကုန်သတည်း။ ရောင်ခြည်တော်ဖူးညွှန့် ထွေးယှက်လိမ် လူးလွန့်လျက်



မြူးကွန့်တော်မူစေရန် အကြောင်းရင်း သမုဋ္ဌာန် ဧကန်ဧက ပဋ္ဌာနဟု နယ ထူးဆန်း မြတ်ပဋ္ဌာန်းကို ရှင်လန်းသောဉာဏ်ကသိုဏ်း သမာဓိဖန်တဲ့တိုင်းဖြင့် ဌာန်ကရိုဏ်း ပီသစွာ စေတနာထွတ်အမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြ ပါကုန်လော့။

## နတ်ပင့်ဂါထာတော်

သမန္တာ စက္ကဝါဠေသု၊
အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

သမန္တာ- ဤစကြဝဠာခွင် ပတ်ဝန်းကျင်မှ၊ စက္ကဝါဠေသု- စကြဝဠာ ပေါင်း တိုက်တစ်သောင်းတို့၌၊ ဒေဝတာ-သမ္မာဒေဝ နတ်ဗြဟ္မာ အပေါင်းတို့သည်၊ အတြ- မဟာပဋ္ဌာန်း ပရိတ်တရားတော်ကို ရွတ်ဖတ် ပူဇော်ရာ ဤဌာနသို့၊ အာဂစ္ဆန္တု- တရားတော်နာ ကြွရောက်တော်မူကြပါကုန်လော့။ မုနိရာဇဿ- မုနိတို့ဘုရင် ရှင်တော်မြတ်ဘုရား၏၊ သဂ္ဂမောက္ခဒံ- လူ့ရပ်နတ်ဌာန် နိဗ္ဗာန် အကျိုးကို ပေးစွမ်းနိုင်သော၊ သဒ္ဓမ္မံ- သူတော်ကောင်းတတ် တရားမြတ်ဖြစ်သော မဟာပဋ္ဌာန်း ပရိတ်တော်ကို၊ သုဏန္တု-ရိုသေသဒ္ဓါ ကြည်လင်စွာဖြင့် နာယူတော် မူကြပါကုန်လော့။

ဓမ္မဿဝန ကာလော အယံ ဘဒ္ဒန္တာ။ (၃- ခေါက်)

ဘဒ္ဒန္တာ- အို . . နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့။ အယံ-ကြည် သာရွှင်ပျ ဤအခါကာလသည်ကား။ ဓမ္မဿဝနကာလော- မဟာပဋ္ဌာန်း တရားတော်ကို နာကြားရန် အချိန်ကောင်း အခါကောင်း ဖြစ်ပါသတည်း။

## ပဋ္ဌာန်းတရား နာကြားရန်အတွက် နတ်ဗြဟ္မာများအား ဖိတ်ကြားရန်

(၁) သုဗုဒ္ဓသာတရောဒါနိ။
ဝိမ္ဟယော ဘော သမုဋ္ဌိ၊
အဘိဓမ္မဘေရိ ဘာတိ၊
သာဓု မနော နုရဥ္စိ။

ဘော - စကြဝဠာ အနန္တတွင် တည်နေကိန်းအောင်း၊ အို-နတ်ဗြဟ္မာ

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့၊ ဓါနိ ကုဗ္ဗါနိ - ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ရန် အချိန်ရောက်လာရာ ဤအခါ၌။ သုဒုလ္လဘတရော - ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောနှင့် ကြုံသောကာလ သာသနာ့ချိန်ခါကို ကြိမ်လာတွေ့မှ ရခဲရ၍ အလွန်တရာ ရခဲလှစွာသော။ ဝိမှယော - ခက်ခဲသဘော နက်နဲသောနှင့် ဟုတ်သောမှန်သော ရှင်ပင်ဟောမှ သိသောအရာ လွန်စွာသိမ်မွေ့ ပကတေ့သဘော စပ်ယှဉ်နှော၍ ဖဲ့ဖြဲဖွယ် လည်း၊ ကောင်းပေထသော။ အဘိဓမ္မဘေရီ - သဘာဝကျူးခြံ အလုံးစုံကို ဖုံဖုံခွဲထား ပိုင်းဖြတ်ခြား၍ ဘုရားဇိနော် ဟောမိန့်ဖော်သည့် ဒေသနာတော် ဉက္ကဋ္ဌ အဘိဓမ္မာတရားမြတ်ကို ဟောတော်မူခဲ့ရာ ချိန်အခါနှင့် လွန်စွာတူပြီး အဘိဓမ္မာတရားစည်ကြီးသည်။ သမုဋ္ဌိ - ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာခဲ့ ပေပြီ။ သာဓုမနေ့ာနုရဥ္စနိ - သူတော်စင် စိတ်နှလုံးကို ယှက်ဖျူးနှစ်မြိုက် တိုက်ရိုက်ဖြစ်စေနိုင်လေ့ရှိသော။ အဘိဓမ္မဘေရီ - အဘိဓမ္မာတရားစည်ကြီးသည်။ ဘာတိ - လူပြည်လောက လူ့ရွာနှဲ့ ဓမ္မနက်ခေါင်း တရားရောင်ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ၍ နေပါပြီတကား။

(၂) သဒ္ဓမ္မစာရ ဒေဝါနံ၊
နိမန္တေမ သင်္ဂါရဝါ၊
မောဒမာန အာဂန္တွာ၊
သုဏန္တု ဓမ္မမုတ္တမံ။

သဒ္ဓမ္မစာရဒေဝါနံ - သူတော်စင်များ ကျင့်ကြံပွားသည့် တရားနက်ခေါင် မြိုက်လက်ဆောင်ကို ကျင့်ဆောင်နိုးစွ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ဗြဟ္မာ အပေါင်းတို့အား။ သင်္ဂါရဝါ - သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါ်ဝင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရှိသေခြင်း ရှိကြကုန်လျက်။ နိမန္တေမ - ဘောဇဉ်မြိုက်ခဲ ဓမ္မပွဲကို လက်တွဲရှင်ပြုး တူနှလုံးဖြင့် သုံးဆောင်လိုက်ပါ စိတ်စောစွာနှင့် မာကော်စာသား ဂါထာပါးလျက် ဖိတ်ကြားကြပါကုန်၏။ မောဒမာနာ - ဓမ္မမိတ်ဆွေ တို့တစ်တွေကို ဖိတ်ပေကုန်၏ ဝွမ်းဆိုယိုသို့ ပီတိရွှန်းစို နှစ်လိုဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ အာဂန္တွာ - ဓမ္မစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနေကြ ဤဒေသသို့ တော်ဇတက်ဖြိုး လက်တန်ခိုးဖြင့် ထက်မိုးဝဋ္ဌာ သောင်းစကြာမှ စောစွာခဏ လာရောက်တော်မူကြပါကုန်လော့။ ဥတ္တမံ - သုတ္တန် ဝိနယ ပိဋကထက် အဓိကကဲချွန် သာလွန်မြင့်မြတ်ပေထသော။ ဓမ္မံ - ဂမ္ဘီရ ဂမ္ဘီရာ အဘိဓမ္မာ ပဋ္ဌာန်းဒေသနာကို။ သုဏန္တု - သမ္မာသတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတစ်ပါး စိတ်မသွားဘဲ ထောင်နားစိုက်တော်မူကြစေကုန်သတည်း။



## မြတ်စွာဘုရားအား ရှိခိုးကန်တော့ရန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟာတော-လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ပေထသော၊ သမ္မာသမ္ဗုဒ္ဓဿ- ဥေယျဓံ တရားငါးပါးတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိဖာလိုလို ကိုယ်တော်တိုင်သာလျှင် ကောင်းမွန်မှန်ကန်စွာ သိတော်မူပေထသော၊ တဿ ဘဂဝတော- ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ မည်ခြား ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ နမော- ဒူး၊ လက်၊ နဖူး၊ ထိငါးဦးဖြင့် ကြည်နူးသဒ္ဓါ ရှိသေစွာဖြင့် ရှိခိုးကန်တော့ပါ၏ ဘုရား။

* * *

## ပဋ္ဌာန်းပါဠိတော်

### ပစ္စယုဒ္ဒေသပါဠိ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော

www.burmeseclassic.com

www.burmeseclassic.com

၁၆၊ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယော တိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

*　　*　　*

## ပစ္စယနိဒ္ဒေသပါဠိ

### ၁။ ဟေတုပစ္စယ

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

### ၂။ အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ



အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

### ၃။ အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

### ၄။ အနန္တရပစ္စယ

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

### ၅။ သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။



ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

### ၆။ သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ

www.burmeseclassic.com

www.burmeseclassic.com



သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ၇။ အညမညပစ္စယ

အညမညပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈။ နိဿယပစ္စယ

နိဿယပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ



နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

## ၉။ ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀။ ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁။ ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယောတိ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂။ အာသေဝနပစ္စယ

အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။



## ၁၃။ ကမ္မပစ္စယ

ကမ္မပစ္စယောတိ ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄။ ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## ၁၅။ အာဟာရပစ္စယ

အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆။ ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

### ၁၇။ ဈာနပစ္စယ

ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

### ၁၈။ မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

### ၁၉။ သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၀။ ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၁။ အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။



ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

### ၂၂။ နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

### ၂၃။ ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

### ၂၄။ အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ

www.burmeseclassic.com

www.burmeseclassic.com



အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

**ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။**

*   *   *



## သာစုခေါ်ဆို မြတ်ကုသိုလ်
## ဂါထာတော်

**မယံ ပူဇေမ ပဋ္ဌာနံ၊**
**ဝရံ ဗုဒ္ဓေန ဒေသိတံ။**
**ဣဒါနိ ဝိဟာရေ၊**
**မောဒန္တု ဓမ္မ မာမကာ၊**

ဣဒါနိ - ယခုအခါ သမယဝ်ဤ။ ဗုဒ္ဓေန - ဗောဓိမဏ္ဍိုင် ရန်ငါးဆိုင်ကို ပိုင်နိုင်ဖြိုခွင်း အောင်ပွဲခင်းသည့် တရားမင်းအစစ် ဓမ္မရာဇ်မှန်လှ မြတ်ဗုဒ္ဓသည်။ ဒေသိတံ - တာဝတိံသာ နတ်တို့ရွာဝယ် ဒေဝါခညောင်း နတ်ပြဟ္မာအပေါင်းတို့အား ဟောကြားတော်မူအပ်သော။ ဝရံ - သုတ္တန်, ဝိနယ ဓမ္မထက်လွန် ချွန်ထက်ချွန်၍ သာလွန်မြင့်မြတ်လှပေထသော။ ပဋ္ဌာနံ - အဆန်းတကြယ် နည်းစုံသွယ်လျက် စီခြယ်ဟောပြ ပဋ္ဌာနဟု နာမထင်ပေါ် ရွှေကျမ်းတော်ကို။ မယံ - ပဋ္ဌာန်းဂုဏ်ရည် အလီလီကို ယုံကြည်ကြပေ တို့တစ်တွေသည်။ ပူဇေမ - ပဋ္ဌာန်းရွှေစာ ဒေသနာ၏ ရှည်ကြာတိုးပွား အကျိုးများဖို့ လေးစားကော်ရော် ပူဇော်ကြပါကုန်၏။ တံ ပုညမဂ်လံ - ပဋ္ဌာန်းမြတ်ဒေသနာကို ပူဇော်ကာ ဆည်းပူးရသည့် မြတ်ပုညမင်္ဂလာအထူးကို။ ဓမ္မမာမကာ -တရားလိုလား အမျိုးသား အမျိုးသမီး အပေါင်းတို့သည်။ မောဒန္တု - ဝမ်းမြောက်ရွှင်ပျော် သာစုခေါ်ကြပါကုန်လော့(ဝါ) မောဒန္တု - ပဋ္ဌာန်းပွဲကြီး အောင်ပါပြီ ဖေယျတုငယ်နှင့် ငွေခရုသွန်းကာပြုလျက် ခွန်းသာစု မောဒနာဖြင့် ထောမနာ ပြုတော်မူကြပါကုန်လော့။

## ပဋ္ဌာန်း မေတ္တာပို့ ဂါထာတော်

**သဗ္ဗေန နိဗ္ဗုဂ္ဂွာ ပတ္တာ၊**
**သုဏန္တာ တေန နိဗ္ဗယာ၊**
**ပဋ္ဌာနံ သောကာပတ္တာစ၊**
**နိဿောကာ သဗ္ဗပါဏိနော။**

သဗ္ဗနာစ - ညီညာစုပေါင်း သူတော်ကောင်းအပေါင်းတို့သည် လည်းကောင်း။ သဗ္ဗပါဏိနောစ - သက်ရှိများစွာ သတ္တဝါ အနန္တတို့သည် လည်းကောင်း။ ပဋ္ဌာနံ - အမြဲသဒ္ဓါ ပဋ္ဌာန်းရွတ်ဖတ်သံကို။ သုဏန္တာ - သဒ္ဓါရွှင်လန်း ပီတိလွှမ်းလျက် ချမ်းသာစွာ နာကြားကြကုန်၍။ တေန ပုဗ္ဗေန - ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာကို သေချာယူ၍ ကြားနာရခြင်းကြောင့်။ နိဗ္ဗုဂ္ဂွာ - ဆင်းရဲကင်းကွာ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြကုန်သည်။ ဟောန္တု - မုချမသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။ ဘယပတ္တာစ - ကြောက်လန့်ထိတ်ဖွယ် အသွယ်သွယ် မအေးရ ဘေးဘယသို့ ရောက်၍နေကြကုန်သော။ သဇ္ဇနာစ - အိမ်သူအိမ်သား အမျိုးထား၏ စိတ်အား နက်လေး နီးအဝေးမှ စည်းဝေးရောက်လာကြကုန်သော သူတော်စင်အပေါင်းတို့ သည် လည်းကောင်း။ သဗ္ဗပါဏိနောစ - ဆင်းရဲခြင်းသို့ ရောက်၍နေကြကုန် သော သတ္တဝါအနန္တတို့သည် လည်းကောင်း။ ပဋ္ဌာနံ - အမြဲသဖွဲ့ ပဋ္ဌာန်းရွတ် ဖတ်သံကို၊ သုဏန္တာ - သဒ္ဒါရွှင်လန်း ပီတိလွှမ်းလျက် ချမ်းသာစွာ နာကြားကြပါ ကုန်၏။ တေန ပုညေန - ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာကို သေချာယန ကြားနာ ရခြင်းကြောင့်၊ နိဗ္ဘယာ - မကြောက်မရွံ့ နောက်မတွန့်ကြဘဲ တောသုံးထောင်ပိုင် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းခြင်း ရှိကုန်သည်။ ဟောန္တု - စင်စစ်မသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။ သောတပတ္တာစ - စိုးရိမ်ပူဆွေး စိတ်မအေးခြင်းသို့ ရောက်၍နေကြကုန်သော။ သဇ္ဇနာစ - ကမ္ဘာသူ ကမ္ဘာသား လူအများတို့သည် လည်းကောင်း။ သဗ္ဗပါဏိနောစ - လုံးစုံများစွာ သတ္တဝါအနန္တတို့သည် လည်း ကောင်း။ ပဋ္ဌာနံ - အမြဲသဖွဲ့ ပဋ္ဌာန်းရွတ်ဖတ်သံကို၊ သုဏန္တာ - သဒ္ဒါရွှင်လန်း ပီတိလွှမ်းလျက် ချမ်းသာစွာ နာကြားကြပါကုန်၏။ တေန ပုညေန - ပဋ္ဌာန်း ဒေသနာ ကျမ်းရွှေစာကို သေချာယန ကြားနာရခြင်းကြောင့်၊ နိသောကာ - တောင်းတိုင်းလည်းရ တတိုင်းလည်းမြင် ထင်တိုင်းလည်းပေါက်လျက် တိမ်စင် သော လဝန်းကဲ့သို့ ရွှင်လန်းဝမ်းမြောက်ကြကုန်သည်။ ဟောန္တု - အမှန်မသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

## နတ်ပြဟ္မာများ ပြန်ပို့ရန် ဂါထာတော်

ဧတ္တာဝတာစ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ၊
သဗ္ဗေ ဒေဝါ နုမောဒန္တု
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊
ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဧတ္တာဝတာစ - ဤမျှကြီးကုတ် စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရ သဖြင့်လည်း။ အမှေဟိ - ပဋ္ဌာန်းတရား မကွယ်သွားအောင် ရွတ်ကြားပူဇာ



သူငါနှစ်မြို့ အကျွန်ုပ်တို့သည်။ သမ္ဘတံ - ယခုအေးမှု နောင်ကျွေးပြု၍ တွေးရှု ရည်စူး ဖြည့်ဆည်းပူးအပ်သော။ ပုညသမ္ပဒံ - အပေါင်းစုမြုပ် ကောင်းမှုထုပ်၏။ မယုတ်မယွင်း ပြည့်စုံခြင်းကို၊ သဗ္ဗေ - ရှိနဝါတောက်ပြောင် နောက်ပါသင်းနှင့် ခပင်းဥဿုံ အလုံးစုံကုန်သော။ ဒေဝါ - စကြာဝဠာသောင်းတိုက် ပေါင်းတစ်ဝိုက်မှ ရောက်ဆိုက်လာကြွ နတ်ပြဟ္မာအများတို့သည်။ အနုမောဒန္တု - ကြည်လင် မနော ဘဝင်ဇောနှင့် ရွှင်မောဝမ်းမြောက်ကြပါစေကုန်သတည်း။ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ - လူနတ်နိဗ္ဗာန် အကျိုးမှန်ကို မျိုးခံနှီးရင်း ပြီးစီးခြင်းငှာ။ သဒ္ဓါယ - ကံကြောင့်အကျိုး မထောင့်ညိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်၊ ဒါနံ - နည်းသည်များသည် ခြားမရည်ဘဲ ရွှင်ကြည်မြတ်နိုး ဒါနမျိုးကို၊ ဒဒန္တု - သူတော် ရဟန်း ရည်ရော်မှန်း၍ လှူဒါန်းပူဇော်နိုင်ကြပါစေကုန်သတည်း။ သီလံ - ပဉ္စ၊ အဋ္ဌ၊ ဒသဂ်ဟု ကိုယ်မှုမချွတ် ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ - နှစ်လတွက်မှတ် ရက်မပြတ်အောင်။ ရက္ခန္တု - မကျားမပြောက် အမှားမရောက်ရအောင် စောင့် ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ - သမထ, ဝိပဿနာ လက်မကွာဘဲ ဆက်ကာနေ့ည မွေ့လျော်ကြကုန်သည်။ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ - အများညီညာ တရားနာဟု ထားကာ ခွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ လာကြကုန်သော။ ဒေဝတာ - အကြောင်း ဆက်ကာ သောင်းစကြာက ရောက်လာကြသောင်း နတ်, ပြဟ္မာ အပေါင်းတို့ သည်၊ ဂစ္ဆန္တု - ပဋ္ဌာန်းရွတ်ပွဲ ပြီးကုန်စဲမို့ နေမြဲရပ်ဘုံ ပြန်ကြပါကုန်လော့။

## ရေစက်ချ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကြုံး သား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရှေးဦးပါစေ အမျှဝေ၏။ မသွေနိစ္စ ဤကာယကို စောင့်ထ႑ပတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။

မိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒ ဘုမ္မာ အာကာသနတ် အထူးမှတ်၍ အမြတ်ပုည ကုသလကို ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင် မပြတ်စဉ်က သတ္တဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး များစွာလုံးစုံ ဘုံသုံး ဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။

ထိုကုသလ ဤပုညကို အမျှရကြသည် ဖြစ်စေသော။ ဝသုန္ဓရေ ဤမြေပံသု သီလာထုလည်း သက်သေအမှု တည်စေသော်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဆုတောင်း

(မိမိ နှစ်သက်ရာ၊ လိုအပ်ရာ ဆုတောင်းကို တောင်းနိုင်ပါသည်။)

* * *

## ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ပစ္စယုဒ္ဓေသနိဿယ (အလင်္ကာအနက်)

(၁) ဟေတုပစ္စယော-ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရှင်ညွန့်ဝေ စည်ပင်စေထ ထောက်ပံ့ မ-သို့ သဟဇာတ ရုပ်နှင့်နာမ်ကို သန္တေပဝတ် မလွတ်စေရ သဘာဂတာ ဆယ့်နှစ်ဖြာတွင် ကောင်းစွာခိုင်ကြည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတု သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၂) အာရမ္မဏပစ္စယော-တောင်ဝှေးကြိုးတန်း သူမစွမ်းကို မပန်းရလေ ထိုင်ထစေသို့၊ စိတ်စေလေးတန် နာမက္ခန်ကို ဖြစ်ဟန်တူစွာ ရှစ်သဘာတွင် ဆွဲငင်ထောက်ရာ အာရုံ၏အဖြစ်တည်းဟူသော အာရမ္မဏ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၃) အဓိပတိပစ္စယော- စကြာဘုန်းဌ များဗိုလ်လူကို ပြိုင်သူမရှိ စိုးအုပ်ဘိသို့ ဟာသိမောဟ ကြည်ပသည့်ဇော လောဘမူလ အဌပုညာ ကြိယာသမ္ပယုတ် လောကုတ်ရှစ်အား ဆယ့်ခြောက်ပါးတွင် ကြီးမားလွှမ်းမိုး အစိုးရခြင်းဟူသော အဓိပတိ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ ဟူသော သဟဇာတာဓိပတိ လေးပါး၊ဒုက္ခသဟ မောဟကြဉ်စိတ် ကြွင်နှိပ္ပန်၊ နိဗ္ဗာန် ဟူသော အာရမ္မဏာဓိပတိ ခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၄) အနန္တရပစ္စယော-ပျော်စံနတ်ရွာ စကြာမင်းဖျား သားကြီးအားသို့ အခြားမဲ့နေ စိတ်နှင့်စေကို မကွေတူစွာ ခုနစ်ဖြာတွင် သမာနဇာတ် ခြားမပြတ်ဘဲ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရား လည်းကောင်း။

(၅) သမနန္တရပစ္စယော-စည်းစိမ်မမက် တောကြီးထွက်သည့် စက္ကဝတ်မင်းဖျား သားကြီးအားသို့ အခြားမဲ့နေ စိတ်နှင့်စေကို မကွေပြိုင်ဘက် ခုနစ်ချက်တွင် အောက်ထက်ယာဝဲ ဝေခွဲမရှိ မိမိတစ်မူ တူသည့်အဖြစ် ဆောင်လစ်ပမာ ကောင်းမွန်စွာလျှင် သမာနဇာတ် ခြားမပြတ်ဘဲ ဖြစ်စေတတ်သော သမနန္တရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရပစ္စည်းတရား လည်းကောင်း။

(၆) သဟဇာတပစ္စယော-အလင်းဖြစ်မှု ဆီမီးပြုသည် တန္တုပမာ သဟဇာတ နာမနှင့်ရုပ် ဘူတုပ္ပါဒါ သန္ဓေခါလည်း ဝိပါဝတ္ထု ယင်းခြောက်ခုအား တူပြားဖဌ သဘာဂတွင် တကွမကွေ ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သဟဇာတခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၇) အညမညပစ္စယော- သစ်သားသုံးခွ ချင်းချင်းမသို့ ဥပကာရ ထောက်ပံ့လာသော နာမ်မဟာဘု ဝတ္ထုနာမ်အား တုရှစ်ပါးတွင် ထောက်ထား လှန်ပင်း အချင်းချင်းဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု ဝတ္ထုပါက အညမညသုံးပါး ပစ္စည်းတရား လည်းကောင်း။

(၈) နိဿယပစ္စယော-သစ်ပင်အားမြေ ထောက်ပံ့ပေသို့ နှစ်တွေရုပ်နာမ် သဟဇံအား လည်းကောင်း၊ စိတ္တကမ္မ ပဋပုံဟန် သတ်ဝိညာဏ်အား လည်းကောင်း တူမှန်သဘာ ဆယ့်သုံးဖြာတွင် တည်ရာမှီရာဟူသော အဓိဌာနာကာရ နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု ဝတ္ထုပါက ဟူသော သဟဇာတနိဿယ ခြောက်ပါး၊ ပဝတ္တိစ ဆဝတ္ထု ဟူသော ပုရေဇာတနိဿယ ခြောက်ပါး ပစ္စည်းတရား လည်းကောင်း။

(၉) ဥပနိဿယပစ္စယော- မိုးနှင့်မကင်း စုံခပင်းကို မိုးတွင်းဖြိမ့်အုန်း၊ ထစ်ချုန်းမြည်ကြိုး ရွာသည့်မိုးသို့ သုံးမျိုးပြားလတ် စိတ္တုပ္ပာဒ်အား ဆယ့်လေးပါးတွင် အားကြီးသော မှီရာအကြောင်း၏ အဖြစ် တည်းဟူသော ဥပနိဿယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ မောဟကြဉ်စိတ် ကြွင်နိပ္ပန် နိဗ္ဗာန် ဟူသော အာရမ္မဏူပနိဿယ၊ ရှေးရှေးသော နာမက္ခန် ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ် စိတ္တုပ်ပညတ် ဟူသော ပကတူပနိဿယ သုံးပါး ပစ္စည်းတရား လည်းကောင်း။

(၁၀) ပုရေဇာတပစ္စယော- အလင်းမှီနေ များဗိုလ်ခြေကို ကပ္ပေစွာ ပေါ်လာထွန်းပ နေနှင့်လသို့ နောက်မှဖြစ်လေ စိတ်နှင့်စေအား တူကိုးပါးတွင် ရှေးများဖြစ်၍ ပစ္စုပ္ပန္နေ ပုရေဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ နိပ္ပန္နရုပ်ဟူသော အာရမ္မဏ၊ ပုရေဇာတ နှစ်ပါး ပစ္စည်းတရား လည်းကောင်း။

(၁၁) ပစ္ဆာဇာတပစ္စယော-ဂိဇ္ဈပေါတက သရီရအား အာဟာရစေ တာတွယ်အာသာ စေတနာသို့ ပုရေဇာတ ရုပ်မှုအား မှီလေးပါးတွင် နောက်ပါး၌ ဖြစ်သဖြင့် ထောက်ပံ့နိုင်မှာ ပစ္ဆာဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နောက်နောက်ပဉ္စဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်းတရား လည်းကောင်း။

www.burmeseclassic.com

(၁၂) အာသေဝနပစ္စယော- နောက်နောက်မွှန်လေး သာလွန်မွှေး ဖောင် ရှေးရှေးထုံထား နံ့သာလားသို့ မခြားမပြတ် မျိုးဇာတ်တူစွာ ကုသလာ ကုသလ ကြိယာသဘော နောက်နောက်ဇောအား တွဲခြောက်ပါးတွင် ခွန်အား ဟုန်ပြင်း ယူစေလျှင်း၍ ထုံခြင်းဟူသော အာသေဝန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တာစတ္တာလီသ အာသေဝန သုံးပါး ပစ္စည်းတရား လည်းကောင်း။

(၁၃) ကမ္မပစ္စယော-သစ်ပင်တို့အား မျိုးစေ့လားသို့ ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့် ကဋတ္တာဝိပါက် ဤနှစ်ချက်အား တစ်ဆယ့်ငါးတွင် အားပါး ထုတ်ထ လုံ့လသည်းစွာ အမူအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ်စေတနာဟူသော သဟဇာတကမ္မ၊ အတိတ် ကုသိုလ် အကုသိုလ် စေတနာဟူသော နာနာက္ခဏိကကမ္မ နှစ်ပါး ပစ္စည်းတရား လည်းကောင်း။

(၁၄) ဝိပါကပစ္စယော-ချမ်းရိပ်နားနေ သွန်းလေပြည်သို့ မကြွေဖြစ်လတ် သဟဇာတ်အား မျိုးရှစ်ပါးတွင် အင်အားချည့်ပန်း ငြိမ်းချမ်းစေလျက် ငြိမ်သက် ခြင်း ဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက် နာမက္ခန္ဓာ ဟူသော ဝိပါကပစ္စည်းတရား လည်းကောင်း။

(၁၅) အာဟာရပစ္စယော-မယိမ်းမယိုင် ခိုင်စေသောအား ထောက် သည့်ကျားသို့ နှစ်ပါးသဟဇံ ရုပ်နှင့်နာမ်အား လည်းကောင်း၊ လေးတန်သန္တတိ သမုဋ္ဌာနိကရုပ်အား လည်းကောင်း ယထာက္ကမ ဒွါဒသမျိုးတူတွင် ဆောင်ယူ ထောက်ပံ့ခြင်း ဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ၊ စေတနာ၊ ဝိညာဉ် ဟူသော နာမ်အာဟာရ သုံးပါး၊ အလွှတ်ဗဟိဒ် စတုသမုဋ္ဌာနိကဩဇာ ဟူသော ရုပ်အာဟာရ ပစ္စည်းတရား လည်းကောင်း။

(၁၆) ဣန္ဒြိယပစ္စယော-တစ်ပြည်တွင်း၌ ချင်းချင်းမဟန့် သီးမသန့်ဘဲ ခွဲခန့်ပိုင်စား မင်းအများသို့ သုံးပါးပြားလတ် သဟဇာတ်နှင့် ဓာတ်ပစ္စဝိညာဏ ကမ္မဇရုပ်အား တူဆယ့်ငါးတွင် အခြားမသွေ မိမိသို့ လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ဟူသော သဟဇာတိန္ဒြိယ၊ မဏ္ဍိမာယုက ပသာဒရုပ် ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ် ဟူသော ရူပဇီဝိတိန္ဒြိယသုံးပါး ပစ္စည်းတရား လည်း ကောင်း။

(၁၇) ဈာနပစ္စယော-သစ်ပင်တောင်ငူ တက်သူသည် အောက်လူတို့ အား ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ် သဟဇံအား ဆယ့်တစ်ပါးတွင် ထင်ရှား တပ်တပ် ကပ်၍ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန၊ လက္ခဏူပနိဇ္ဈာန သတ္တိထူး



ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝိဉာဏ်ကြဉ် စိတ်မှာယှဉ်သည့် ဈာနင် ခုနစ်ပါး ပစ္စည်းတရား လည်းကောင်း။

(၁၈) မဂ္ဂပစ္စယော-တိုက်ဤမှာသို့ ဆောင်ယူပို့သည့် ကူးတို့မသွေ၊ သဟေ တုကတ် သဟဇာတ်အား ဆယ့်သုံးပါးတွင် ဖြူစင်မည်းညစ် ဤအဖြစ်မှ ပြန် လစ်ဆုလှယ် ထုတ်ဆယ်ဆောင်ယူ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်းတရား လည်းကောင်း။

(၁၉) သမ္ပယုတ္တပစ္စယော-စတုမဓု ရောသည့်တူသို့ လေးဆူနာမ်အား ခုနစ်ပါးတွင် လေးပါးအင်္ဂါ မကွာချင်းချင်း ယှဉ်ကြခြင်း ဟူသော သမ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရား လည်းကောင်း။

(၂၀) ဝိပ္ပယုတ္တပစ္စယော-ခြောက်ထွေရသာ ပေါင်းရောပါသို့ သဟ ဇာရုပ် ဝတ္ထုပ်သန္ဓေ အစထွေသား သုံးမျိုးအားကို ထူးခြားသဘာ ဆယ့်သုံးဖြာ တွင် နာနာဘာဝ မယှဉ်ကြခြင်းဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝေါကာရ ရူပသမုဋ္ဌာနိက စိတ်စေ သန္ဓေ ဟဒယ စသော သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ် သုံးပါး ပစ္စည်း တရား လည်းကောင်း။ *(အာဓိသဒ္ဒါ နှစ်ခုဖြင့် အစဉ်အတိုင်း ဝတ္ထုပုရေဇာတ နိဿယ၊ ပစ္ဆာဇာတနှစ်ပါးတို့၏ ပစ္စယုပ္ပန်နှင့် ပစ္စည်းကိုညွှန်းသည်။)*

(၂၁) အတ္ထိပစ္စယော-မြေမြင်းမိုရ်သည် ထိုထိုစိမ်းရွှင် မြက်သစ်ပင်အား၊ ထင်ရှားရှိနေ ထောက်ပံ့ပေသို့ တွက်ရေကုံထံ ရုပ်နှင့်နာမ်အား ဆယ့်ငါးပါးတွင် ထင်ရှားရှိခိုက် အထိုက်လျော်တ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာ တတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိငါးပါး ပစ္စည်းတရား လည်းကောင်း။ *(ဤအတ္ထိငါး ပါးသည် အစဉ်အတိုင်း သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယငါးပါးတို့နှင့်တူ၏။ ထို့ကြောင့် အကျဉ်းမျှသာ အနက်သမ္ဗန်လိုက် သည်။)*

(၂၂) နတ္ထိပစ္စယော-မိုက်မှောင်ဖြစ်စေ ငြိမ်းသေလေပြီး ဆီမီးသွေး ဖြစ်ခွင့်ပေး၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရား လည်းကောင်း။ *(အနန္တရနည်းတူ)*

(၂၃) ဝိဂတပစ္စယော-နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့ ချုပ် ကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရား လည်းကောင်း။ *(အနန္တရနည်းတူ)*

www.burmeseclassic.com

www.burmeseclassic.com



(၂၄) အဝိဂတပစ္စယော-ငါးတို့ခေါ်ရာ မဟာသမုဒ် ရေအစုပ်သို့ ၊၊ချုပ်တင်းလင်း မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရား လည်းကောင်း၊ (အတ္ထိနည်းတူ)

ဤကတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည် မဟာပကရဏော၊ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌၊ ဋ္ဌိတာ၊ တည်ကုန်၏။

* * *

## ပဋ္ဌာန်းတန်ခိုးတော်ကြီးကို ဝူဇော်ချပ်သည့် အာသီသ

ဆရာဦးမောင်မောင်သန်း
(ရင်တိုအေးမြစေသား)

**နာ နာပ္ပ ကာရ ဉာနာနိ ဗောဓိတာ စနုတ္တ မုနိတာ၊**
**အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဓေါစရံ ။**

ဧတ္တ-ဤအနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းတော်ကြီး၌ **မုနိနာ**- မုနိထွတ်တင်ဘုရားရှင်သည်၊ နာနာပ္ပတာရ **ဉာနာနိဓေတု-အာရမ္မဏ** စသည်များစွာအကြောင်းအရာတို့ကို၊ **ဗောဓိတာနိ-သဗ္ဗညုတာ ဉာဏ်တော်သာဖြင့်** ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ **သိစေတော်မူခဲ့လေပြီ။**

**အနန္တ ဂေါစရံ**-အဆုံးမရှိ ကုန်အောင်သိသည့် **ဉာဏ်တော်၏သာ** ကျက်စားရာ ဖြစ်တော်မူသော၊ **တံ အနန္တနယ ပဋ္ဌာနံ-များမြောင်ပေါ်ယယ်** နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို၊ **ဝန္ဒေ**-တစ်သက်တစ်ခါ ကြုံခဲစွာမို့ ကြုံလာသည့်ခိုက် **ဦးဖြင့်ထိုက်ပြီး နှစ်ခြိုက်လှစွာ** သဒ္ဓါမိုကျိုးလက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ **အရှင်မြတ်ကြီးဘုရား။** ။

* * *

"ဂါထာတွေ မန္တန်တွေ တော်တော်များများ ရတယ်လို့ ဦးမျှင် ပြောတာမင်းလားကွ"

"ဟုတ်ကဲ့ပါ ဆရာ"

ပက်လက်ကုလားထိုင်ပေါ်မှ လှမ်းမေးရင်း မျက်လုံးကို ညင်သာစွာ မှိတ်သွား၏။ ကြားဖူးနား၀ စကားများနှင့်ပင် ကြောက်ရွံ့လေးစားနေမိသော ထိုပုဂ္ဂိုလ်အား စိတ်ဝင်စားလွန်းသောကြောင့် မျက်တောင်မခတ် ကြည့်နေမိ၏။ မကြာပါဘာဖြစ်လာမှန်း မသိ၊ ရင်ထဲတွင် တလှပ်လှပ် တုန်၍ တတုန်တယင်ကြီးနှင့်ဘာကို ကြောက်၍ ကြောက်လာမှန်း မသိ၊ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍အေးချမ်းတည်ငြိမ်စွာ ပြုံးနေသော ထိုပုဂ္ဂိုလ်အား မကြည့်ရဲတော့သလိုလို၊ ထိုပုဂ္ဂိုလ်ရှေ့တွင် မထိုင်ရဲတော့သလိုလို၊ ထိုပုဂ္ဂိုလ်အား ကြောက်ရွံ့တုန်လှုပ်လာသလိုလို၊ ဘာဖြစ်လာမှန်း မသိ၊ ဆိုးဆိုးဆတ်ဆတ်နှင့် ဆောက်တည်ရာမရဟိုကြည့်ဒီကြည့် ဖြစ်နေမိတော့၏။ ဘေးနားတွင် ထိုင်နေသော သိုင်းဆရာကြီးဘကြီးမျှင်မှာ ခပ်အေးအေး အမူအရာနှင့် ဆေးပြင်းလိပ်ကြီးခဲထားရင်း ကျွန်ုပ်ကိုကြည့်နေ၏။ သူက အေးနေသော်လည်း ကျွန်ုပ်မှာ ဘာဖြစ်နေမှန်း မသိ။ နှလုံးသားကို တစ်ခုခုနှင့် လာညှစ်ထားသလို နင့်တင့်တင့်ကြီး ဖြစ်နေ၏။

www.burmeseclassic.com



"ဒီက ညီလေးမှာ ပါရမီတွေရှိတယ်၊ ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်ကြီး ရလား"

"သိတော့ သိပါတယ် ခင်ဗျ၊ ရွတ်တော့ မရွတ်ဖူးပါဘူး"

"အေး၊ မင်း . . . ပဋ္ဌာန်း ရွတ်ပေတော့၊ မင်းဖြစ်ချင်တာတွေ အကုန်ဖြစ်လာလိမ့်မယ်၊ မရွတ်တတ်ရင် တို့ပဋ္ဌာန်းရွတ်တိုင်း လာလာရွတ်၊ ဝိုင်းရွတ်"

ဘာရယ်မသိ၊ ဖြစ်ချင်တာတွေ အကုန်ဖြစ်လာလိမ့်မယ် ဟူသော စကားကြောင့် ပဋ္ဌာန်းကို စိတ်ဝင်စားသွား၏။ ပဋ္ဌာန်း ဟူသော အသံကို ကြားသည်နှင့် ဘာရယ်မသိ ခေါင်းနားပန်းများ ကြီးပြီး ကြက်သီးမွေးညင်းများ ထလာလေတော့၏။ ထို့ကြောင့်-

ရွတ်တတ်သည် မရွတ်တတ်သည် အသာထား၊ စာအုပ်ကိုင်၍ ရွတ်လေတော့၏။

အမှန် ပြောရလျှင် ကျွန်ုပ်ကို ပဋ္ဌာန်းရွတ်အောင် ပြောဆိုခဲ့သော၊ အသံထွက်တတ်အောင် သင်ကြားပြသပေးခဲ့သော ထိုပုဂ္ဂိုလ်လိုမျိုး ဖြစ်ချင်သည်ကား အမှန်။

ကျွန်ုပ်သည် ထိုစဉ်က အသက် (၁၉) နှစ်ထဲ ဝင်ခါစပင် ရှိသေး၏။ ဖြစ်ချင်သည်တွေက များနေ၏။ သို့သော် ထိုပုဂ္ဂိုလ်၏ နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံနှင့် သမထဝိပဿနာ ကြီးမားပုံတို့ကို အလွန် သဘောကျလွန်း၏။ ထိုပုဂ္ဂိုလ်သွားလေရာသို့ လိုက်ချင်၏။ ထိုပုဂ္ဂိုလ်လို ဖြစ်ချင်၏။ ထို့ကြောင့်-

ဘာမှန်း ညာမှန်း သိသိ မသိသိ စာအုပ်ကိုင်ပြီး ခေါင်းခေါင်းပြေး ရွတ်လေတော့၏။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ ဘာမှ ဖြစ်မလာ၊ ရွတ်တော့ ရွတ်နေ၏။

ပဋ္ဌာန်းရွတ်ပြီး ငါးနှစ်ခန့် အရှိန်ရလာသောအခါ ပဋ္ဌာန်း စတင်ရွတ်ခိုင်းခဲ့သော ဆရာသည် တစ်နေ့ ခေါ်ပြော၏။

အရေးကြီးသော သာသနာပြုခရီးကို သွားရမှာ ဖြစ်ကြောင်း၊ ထိုခရီးတွင် ပဋ္ဌာန်းရွတ်အားရှိကြသော ပုဂ္ဂိုလ်များကို ခေါ်သွားမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ် လိုက်ရမှာ ဖြစ်ကြောင်း၊ အခက်အခဲ အနှောင့်အယှက်ပေါင်း များစွာကို ရင်ဆိုင်ဖြတ်ကျော်ရမည့်ခရီး ဖြစ်ကြောင်း ပြော၏။

ကျွန်ုပ်သည် ကြောက်ရ တ်သူ မဟုတ်၍ ရအောင် လိုက်သွား၏။ ထိုခရီးတွင် ကျွန်ုပ်တို့ သာသနာပြုအဖွဲ့ စီးသွားသော ဘတ်စ်ကားကြီးမှာ လမ်းဘေးသို့ တုံးလုံးထိုး လဲကျတိမ်းမှောက်သွားလေတော့၏။ ရှေ့ဘီးကျွတ်ထွက်၍ တိမ်းမှောက်သွားခြင်း ဖြစ်၏။ ကားထဲတွင် သာသနာရေးဆိုင်ရာ ဆောင်ရွက်ရန် ပစ္စည်းများ၊ ဘီလပ်မြေအိတ်များ ပါ၏။ အလေးချိန် အတော်များ၏။

ထိုခရီးသည် ဒုက္ခပေါင်းစုံ အခက်အခဲပေါင်းစုံကို အမှန်ပင် အရိုးကြေကြေ



အရေခန်းခန်း ကျော်ဖြတ်ခဲ့ရသော သာသနာပြုခရီး ဖြစ်၏။ သာသနာပြုအဖွဲ့အားလုံး ဆရာအပါအဝင် မှဲ့တစ်ပေါက်မျှပင် မစွန်းခဲ့။

ဖြစ်ချင်သော ဆန္ဒများ ဘာမှ ဖြစ်မလာသည့်ပြင် ကားမှောက်ခြင်း၊ ဒုက္ခအမျိုးမျိုးရောက်ခြင်းနှင့် ရင်ဆိုင်ရပြီ ဖြစ်သောကြောင့် နှစ်နှစ်၊ သုံးနှစ်ခန့် ကျွန်ုပ် တွေဝေသွား၏။ ဆရာသည် ဤသည်ကို သိဟန်တူ၏။ တစ်နေ့-

*ပါရမီ မမြောက်သော ကုသိုလ်ကံ ဟူသည် ဦးတည်ချက် မရှိကြောင်း၊ ထို့ကြောင့် ပါရမီဖြည့်စေချင်ဖို့လိုကြောင်း၊ ပါရမီဖြည့်စေချင်ခြင်းသည်သာ သံသရာတစ်လျှောက်လုံး အတွက် အားကိုးရာ ဖြစ်ကြောင်း၊ ပါရမီမြောက်သော ကုသိုလ်ဖြစ်ဖို့လိုကြောင်း၊ ဆန္ဒရှိခြင်း၊ ဝီရိယ ရှိခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ ဉာဏ်ပညာ အမြော်အမြင်တို့နှင့် ပြည့်စုံရမည် ဖြစ်ကြောင်း၊ သို့မှသာ ပါရမီဖြည့်စေချင်ခြင်းတည်း ဟူသော ကုသိုလ်ကြီးများကို ဆောင်ရွက်၍ရမည် ဖြစ်ကြောင်း၊ (၇) ရက်သားသမီးများအတွက် ရည်မှန်းရမည် ဖြစ်ကြောင်း၊ သူတစ်ပါးအတွက် ပါမှသာ ပါရမီဖြစ်ကြောင်း၊ ထိုသို့ ပါရမီများ ပြည့်စုံမှ အရိယာမျိုးစေ့ကို စိုက်ပျိုးသည်နှင့်တူကြောင်း။*

ကျွန်ုပ်နားနှင့် ခပ်သိမ်းမိမ်း ဖြစ်နေသောစကားများကို တစ်လုံးချင်း ပြောဆိုလေတော့၏။ ပျင်းစရာကောင်းသော တရားစကားများဟု တွေးနေမိသော်လည်း ထိုစကားများမှာ ကျွန်ုပ်၏ စိတ်အစဉ်အား မည်သို့မည်ပုံ ပြောင်းလဲသွားလေသည်မသိ၊ ပဋ္ဌာန်းကို စာအုပ်ဖွင့်၍ ရွတ်လျှင် ပြီးရော ဟူသည့် အစွဲကြီး အလိုလို ပျောက်သွားပြီး ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ သဘောကို သိလိုစိတ်များ ပြင်းပြလာလေတော့၏။

ဆရာသည် မဖြစ်ပေါ်လာသေးသည့် အကြောင်းတရားများကို ဖြစ်ပေါ်လာစေခြင်း၊ ဖြစ်ပေါ်ပြီးသမျှတို့ကို တည်နေစေခြင်း၊ တည်နေသည့် အကြောင်းတရားများကို တိုးပွားစေခြင်း ဟူ၍ ကျေးဇူးပြုတတ်သော တရားများကို ရှင်းပြလေတော့၏။ ထို့ကြောင့်-

အာရမ္မဏပစ္စယော ဟု ရွတ်လိုက်သည်နှင့် 'ဪ . . . အာရုံ (၆)ပါး ဖြစ်လို့ ကျေးဇူးပြုတတ်တဲ့ တရားပါလား၊ ဒီတရားရဲ့ သဘောကတော့ ကြိုးတန်း တောင်ဝှေး စသည်တို့ဆိုဟာ မစွမ်းမသန်တဲ့သူတွေအတွက် ထခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဆိုတဲ့ ကိစ္စတွေကို ပြီးစေသလို၊ အာရုံ ဆိုတာဟာလည်း စိတ်စေတသိက်တို့ကို ဖြစ်ပေါ်လာစေဖို့ ကျေးဇူးပြုတဲ့တရားပါလား' ဟူသည့် အသိ။

နိဿယပစ္စယော ဟု ဆင်ခြင်လိုက်လျှင် 'အင်း . . . ဒီတရားကတော့ မှီရာတည်ရာဖြစ်လို့ ကျေးဇူးပြုတတ်တဲ့တရားပါလား၊ ဒီတရားရဲ့ သဘောက မြေကြီးဟာ သစ်ပင် တွေကို မှီရာတည်ရာ အဖြစ်နဲ့ ကျေးဇူးပြုသလို၊

www.burmeseclassic.com

www.burmeseclassic.com



မိုးရာတည်ရာအဖြစ်နဲ့ ကျေးဇူးပြုတတ်တဲ့တရားပါလား'ဟု သော အသိတရားများ တန်းသိလာလေတော့၏။

ထိုအသိတရားများ ရရှိလာပြီးသည့်အချိန်သည် နွေရာသီ သင်္ကြန်ကာလနားနီးပြီ ဖြစ်၏။ ထို့ကြောင့် ထိုနှစ် အမိဋ္ဌာန်ကြီးဖြစ်သော ပုပ္ပားတောင်ကလပ်ရှိ နံပါတ် (၉) ဂူတွင် နဝင်္ဂသီလဖြင့် ဂူတံခါးပိတ်၍ သစ်သီးစားခြင်း၊ ရေချည်းသက်သက်သောက်ခြင်း အဓိဋ္ဌာန်ဝင်စဉ် သင်္ကြန်ရက်အတွင်း ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်မြတ်ကြီးအား ထူးခြားစွာ အာဂုံဆောင်နိုင်ခဲ့လေတော့၏။

အာဂုံဆောင်နိုင်ခဲ့သည့်အချိန်မှာ စတင် အသား မစားတော့သည်မှ ရေတွက်လျှင် (၉) နှစ် ပြည့်မြောက်သောနှစ် ဖြစ်၏။ နံပါတ် (၉) မြောက်ဂူတွင် သင်္ကြန်တွင်း အာဂုံဆောင်နိုင်ခဲ့ခြင်း ဖြစ်၏။ ထူးခြားစွာ အာဂုံဆောင်နိုင်သောနေ့တွင် ငြိမ်သက်သော အာရုံကိုပြု၍ အထပ်ထပ် ရွတ်ဖတ်ပူဇော်နေမိ၏။ ဂူတစ်ဂူလုံးမှာ တောပန်းတောင်ပန်းနံ့များနှင့် မွှေးကြိုင်သင်းပျံ့ပြီး ကြက်သီးများမှာ တဖြန်းဖြန်း ဖြစ်နေ၏။ ဝစီပိတ်အဓိဋ္ဌာန် ဖြစ်သောကြောင့် ခပ်ကြောက်ကြောက်နှင့်ပင် ငြိမ်နေခဲ့ရ၏။

သည့်နောက်ပိုင်း ငြိမ်သက်သော အာရုံကိုပြု၍ ပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့စဉ်မပြတ် ရွတ်ဆို ပူဇော်ခဲ့လေတော့၏။ တစ်နေ့သော် ဆရာ ခေါ်ပြန်၏။ ဘာမပြော ညာမပြောနှင့် ကားမှောက်ခဲ့ဖူးသောခရီးကို ပြုံးပြုံးရွှင်ရွှင် ပြောနေ၏။ကျွန်ုပ်မှာ စိတ်လေးသွားပြီး တစ်ခုခု ပြန်ပြောရန် စဉ်းစားနေစဉ် 'ဒီကောင်ကြီးကတော့ဟော၊ ပဋ္ဌာန်းတန်ခိုးကြောင့် ဘာမှ မဖြစ်ခဲ့ဘူးဘယ်တော့မှလဲ ဖြစ်မှာမဟုတ်ဘူး၊ အန္တရာယ်ကြုံရင်တောင် အန္တရာယ်ကင်းနေမှာပဲ'ဟု ပြောလေတော့၏။ ကျွန်ုပ် စိတ်ပေါ့သွားရပါ၏။ သို့သော်-

ဆရာပြောပြီး တစ်ရက်၊ နှစ်ရက် အတွင်းတွင် တောင်ဥက္ကလာပမြို့နယ်မှ အကြီးဆုံးပုဂ္ဂိုလ် ဖောင်ကြီးသင်တန်းတက်၍ လိုက်ပို့မိ၏။ ညီအစ်ကိုရင်းလိုနေသောကြောင့် သူငယ်ချင်းများနှင့် လိုက်ပို့ခြင်း ဖြစ်၏။ သူ့အား ပို့ပြီး အပြန်လှည်းကူးအထွက် ညနေ နေဝင်ရီတရော မိုးတဖွဲဖွဲရွာနေသည့်အချိန် ကျွန်ုပ်တို့စီးလာသော ပါပလစ်ကာ အမိုးဖွင့်လေးမှာ လမ်းဘေးသို့ နှစ်ပတ် သုံးပတ်လိမ့်ပြီး တိမ်းချော်လွင့်စဉ်မှောက်သွားလေတော့၏။ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ရင်း လိုက်ပါလာ၍လား မသိ၊ ရုံ့အလိမ်းလိမ်းဖြစ်ခဲ့သော်လည်း ထိခိုက်ပွန်းပဲ့ခြင်းပင် မဖြစ်ခဲ့။ ၁၉၉၄ ခုနှစ်က ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါ၏။

ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို နေ့စဉ် မပြတ် စွဲစွဲမြဲမြဲ ကြည်ညိုပူဇော်နေမိသောကြောင့်လားမသိ၊ မည်သည့်နေရာသွားသွား၊ မည်သည့်အန္တရာယ်မျှ မကြုံတော့။ ကားဘေးကြီး နှစ်ခါကြုံပြီးချိန်မှစ၍ ဘာအန္တရာယ်မှ ကြီးကြီးမားမား



မဖြစ်တော့။ မျက်စိရှေ့မှာ ရန်ဖြစ်ခြင်း၊ သွေးထွက်သံယိုတွေ့ခြင်းပင် သိပ်မရှိတော့။ အမင်္ဂလာများ ဝေး၍ဝေး၍ သွားလေတော့၏။

နှလုံးသည်းပွတ်ထဲမှ အလွန် ကြည်ညိုစွာ နေ့ညမပြတ် ပူဇော်နေမိသောကြောင့်လားမသိ၊ ယနေ့ (၇) ရက်သားသမီးများကို အကြံပေးခြင်း၊ ကူညီခြင်း၊ ကယ်ခြင်း ပြုလုပ်လာရသည့်အခါ ပရိသတ် ဝိုင်းဝိုင်းလည်ခြင်း ဖြစ်နေရတော့၏။ လူရှင်းသောဆိုင်တွင် အေးအေးလူလူ စားမည်ဟု ထိုင်လိုက်သည်နှင့် နောက်ထပ် လူများ အုံခဲလာခြင်း၊ ဆိုင်တစ်ဆိုင်ဝင်၍ ဈေးဝယ်လျှင် ထိုဆိုင်အား နောက်ထပ် လူများ စုပြုံတိုးကြခြင်းများ အမြဲ ဖြစ်တော့၏။

အပန်းဖြေခရီး အဖြစ် နယ်များသို့ ထွက်လျှင်လည်း ကျွန်ုပ်ရောက်သည်ဟု ကြားလိုက်သည်နှင့် တည်းခိုနေသောအိမ် ညွှတ်ကျမတတ် ပရိသတ် များပြားလေတော့၏။ ညဉ့်နက်မှ ထမင်းစားရခြင်း၊ ညလုံးပေါက်နီးပါး မအိပ်ရအောင် ပညာဗဟုသုတများ ပြောဆိုနေရခြင်းတို့ကြောင့် နောင်တွင် ခရီးထွက်တိုင်း တိုးတိုးတိတ်တိတ် ထွက်ရလေတော့၏။

ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ပူဇော်ခြင်း အကျိုးကို ကိုယ်တိုင် ရရှိခံစားလာခဲ့ရပြီးသည့်နောက်ပိုင်း ကျွန်ုပ်ထံ လာသမျှ ပရိသတ်များအား ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်ကို ရအောင် ရွတ်ဖတ်ပူဇော်ခိုင်း၏။ လိုက်လိုက်လှဲလှဲ ပူဇော်ခိုင်း၏။ ပြည့်စုံချမ်းသာသည့်သူများအား အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးများ ဦးစီးကျင်းပ ပူဇော်ခိုင်း၏။ မည်သည့် အင်း၊ အဆောင်၊ လက်ဖွဲ့၊ ယတြာများနှင့်မျှ ဖွင့်၍ မပွင့်နိုင်သော ဘုန်းကံကြီးများ ပွင့်လာသည့်အခါမှ ပဋ္ဌာန်းတန်ခိုးတော်ကို ယုံကြည်ပြီးရင်း ယုံကြည်ရင်း ဖြစ်ကြလေတော့၏။

ရင်ထဲ ဝမ်းထဲမှ ခွဲစိတ်ရတော့မည့် အလုံးအကျိတ်ကြီးများ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရင်း ပျောက်သွားခဲ့ရသူများ မနည်းတော့ပြီ။ ပထမအကြိမ် ဓာတ်မှန်ရိုက်ထားပြီး နောင်ဓာတ်မှန်ထပ်ရိုက်သူများပင် အံ့ဩဘနန်း ဖြစ်ကြရ၏။

ဖောက်ပြန်ခြင်းကြောင့် ဖြစ်စေ၊ စီးပွားရေး အကျပ်အတည်းကြောင့်ဖြစ်စေ၊ လူမှုရေးကိစ္စများကြောင့် ဖြစ်စေ သူ့ဘက်ကိုယ့်ဘက် မိဘညီအစ်ကိုမောင်နှမများကြောင့် ဖြစ်စေ၊ မာနချင်းပြိုင်၍ ဖြစ်စေ အိမ်ထောင်ရေး ကသောင်းကနင်း ဖြစ်ကြရသူများ၊ ကွဲကွာကြတော့မည့်ဆဲဆဲ အိမ်ထောင်ရှင်များအား ခေါင်းဦး၏ အကျိုးကို တစ်ဦးပခုံးပေါ်တင်ပြီး ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်ကြီး နေ့စဉ် ဝတ်မပျက် ရွတ်ဖတ်ပူဇော်ခိုင်း၏။ မည်သည့် အင်း၊ အဆောင်၊ လက်ဖွဲ့၊ ယတြာနှင့်မျှ ပြုလုပ်၍ မရသော ထိုအိမ်ထောင်ရေးကြီးများ ယခုအချိန်ထိ မကွဲမကွာကြတော့၊ ပဋ္ဌာန်းတန်ခိုးတော်ဖြင့် မိသားစု ပျော်ရွှင်ချမ်းမြေ့နေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံ လာသူများ၏ အခက်အခဲများကို ဖြေရှင်းရာတွင် နိုင်ငံခြား သင်္ဘောလိုက်ရန် (သို့)နိုင်ငံခြားထွက်ရန် အခက်အခဲများ ဖြစ်စေ၊ သားသမီးများ မလိမ္မာ၍ စိတ်ဒုက္ခရောက်နေရသူများ ဖြစ်စေ၊ ငွေကြေးဒုက္ခများရောက်ပြီး ကြွေးပေးရန် ရှိသူများ ကြွေးရရန် ရှိသူများ ဖြစ်စေ၊ ရာထူးကိစ္စများဖြစ်စေ၊ ဘာအစီအရင်နှင့်မှ လုပ်မရတော့လျှင် ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်ကြီးကိုသာ အဓိဋ္ဌာန်နှင့် ရွတ်ဖတ်ပူဇော်ခိုင်းလိုက်လေတော့၏။ သို့မှသာ ရှောခနဲ ရှောခနဲ အဆင်ပြေသွားလေတော့၏။ သို့သော်-

'ကျွန်တော် ပဋ္ဌာန်းရွတ်တာ ချမ်းလည်း ချမ်းသာမလာဘူး၊ သုံးလရှိပြီ၊ ထီလည်း မပေါက်ဘူး'ဟု ဆိုလာသူများ၊ ရွတ်ဖတ်ပူဇော်နေရင်း အကောင်းသား ကနေ ကိုယ်လည်း မရွတ်မဖတ်နိုင်၊ သူများကိုလည်း ကဖျက်ယဖျက်လုပ်လို သော ပါးစပ်အရသာခံသူများကြောင့် အိမ်တွင် ပဋ္ဌာန်းမရွတ်ကောင်းဟု ဆိုပြီး ပဋ္ဌာန်းဒေသနာတော်ကြီးကို ကျောခိုင်းကြသူများအား စကားအနည်းငယ် ဆို ချင်ပါသည်။

ဘုရားရှင်သည် မာရ်ငါးပါးကို အောင်မြင်တော်မူပြီး ဘုရားစင်စစ် ဧကန် ဖြစ်တော်မူပြီးသည့်အခါ (၂၂) ရက်မြောက်၊ ပင်တော်မပင်၏ အနောက်မြောက် အရပ် စတုတ္ထသတ္တာဟဖြစ်သော ရတနာဃရစ်အိမ်တော်တွင် (၇) ရက်တိုင်တိုင် စံနေတော်မူ၏။ ထိုသို့ စံနေတော်မူစဉ် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက် စသည့် ကျမ်းကြီး (၆) ဆူအား သုံးသပ် ဆင်ခြင်တော်မူ၏။ သို့သော် ထူးခြားအံ့ဖွယ်များ ဘာမှ ဖြစ်မလာ။

နောက်ဆုံး ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသည့်အခါမှသာ အရပ် ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ၊ ထက်အောက်ဖီလာ ထုတ်ချင်းပေါက် အနန္တ ရောင်ခြည်တော် (၆) ပါး ကွန့်မြူးလာလေတော့၏။ ဤသို့ အနန္တတန်ခိုးတော် ဖြစ်ပေါ်လာရခြင်းမှာ အပိုင်းအခြား အကန့်အတားမရှိ သိမြင်တော်မူနိုင်စွမ်း သော သဗ္ဗညုတဉာဏ်တော်သည် ကြီးကျယ်မြင့်မြတ်ပြီး သိမ်မွေ့နက်နဲလှသည့် အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို အာရုံပြုလိုက်ရသောကြောင့်ပင် ဖြစ်၏။

ထိုသို့ ကြီးကျယ်မြင့်မြတ်လှသော တရားတော်မြတ်ကြီးအား အိမ်တွင် မရွတ်ကောင်းဟု ဆိုသူများအား စကား အနည်းငယ် ထပ်မံ ဆိုချင်ပါသည်။

တံငါသည် ပင်လယ်မှာ ပျော်ပါသည်။

စက္ကူလသည် သချိုင်းမှာ ပျော်ပါသည်။

လောက်သည် မစင်တွင်းမှာ ပျော်ပါသည်။

ထို့အတူ သူတန်ရာ တန်ရာမှာရှိသော ဘုံများ ဗိမာန်များတွင် တန်သည့် သူများ ရှိကြပါလိမ့်မည်။ အိမ်ကြိုအိမ်ကြား မကောင်းသော အညစ်အကြေးများ



နှင့် ထမင်းစေ့ လျှောက်ကောက်စားရသော ပြိတ္တာငယ်များ ရှိသကဲ့သို့ သာသနာ တော်ကို တည်တံ့အောင် ပိုင်းရံ စောင့်ရှောက်နေကြသော တန်ခိုးကြီး နတ်ကြီးများ လည်း ရှိကြပါသည်။ နိမ့်ကျသော အောက်ပုဂ္ဂိုလ်များသည် မြင့်မြတ်လှသော တရားတန်ခိုးတော်ကို ကြားဝံ့ နာဝံ့မည် မဟုတ်ပါ။ တရားတော်မြတ်များ၏ အသံသည် လွင့်စဉ်မထတ်- ဆောက်တည်ရာမရ ဖြစ်ရလေ့ရှိပါ၏။

တစ်နည်း ထပ်ဆိုပါဦးမည်။

အချို့ အကျင့်သီလမရှိ၊တစ်ခါတလေ စိတ်ကူးပေါက်မှ၊ သူများ၏ အောင် မြင်မှုကိုကြားမှ ပဋ္ဌာန်း ထရွတ်သူများ ရှိကြပါသေးသည်။

မမြင်ရသော လောက ဟူသည် အမျိုးမျိုး ရှိပါ၏။ သမ္မာဒေဝနတ်ကောင်း နတ်မြတ်ကြီးများ ကြားနာနိုင်သော တရားတော်မြတ်များသည် မကောင်းသော နတ်မိစ္ဆာများအဖို့ သံရည်ပူနှင့် လောင်းခံရသလို ဖြစ်သွားရတတ်ပါ၏။ သူတို့ ထက် မြင့်မြတ်သွားပြီး သူတို့က ပါရမီဖြည့်ပေးရတော့မည်ဆိုလျှင် သီလစမ်းပွဲ၊ အားစမ်းပွဲများ ဖြစ်လာလေ့ ရှိပါသည်။ အိမ်ထောင်ရေးပြဿနာဖြစ်ခြင်း၊ မိသားစုချင်း စိတ်ဝမ်းကွဲခြင်း၊ ရောဂါရှာမရသော ရောဂါများ ဖြစ်ရခြင်းတို့ ကြုံလာရတတ်ပါသည်။ ထို့ကြောင့် သတိယုတ်လွတ် မရွတ်သင့်ပါ။ ဘုရားပင့်၊ သီလခံယူ၊ နတ်ပင့်၊ မေတ္တာများ အထူးပို့သ၊ မေတ္တာများ ခံယူပြီးမှ ရွတ်ဖတ် ပူဇော်သင့်ပါသည်။ ရွတ်ဖတ်ပြီးသည်နှင့် မေတ္တာပို့ အမျှဝေ၊ နတ်ပို့ ပြုလုပ်သင့် ပါသည်။ မကောင်းသူသည် မကောင်းမှုမှာသာ ပျော်ပြီး အပျော်များရာမှ ဆက် ကျင့်၊ အကျင့်များရာမှာ ဆက်ပျော်နှင့် သံသရာလည်နေတတ်ပါသည်။ ကောင်း သူသည် ကောင်းခြင်းများမှာသာ မွေ့လျော်ပါလိမ့်မည်။ စိတ်ကြောင့်ဖြစ်သော အညစ်အကြေးကို စိတ်နှင့်သာ ဆေးကြောပါလေ။ သူပြောလူပြောနှင့် မရွတ် ကောင်းဟု ဆိုသည်နှင့် ရမ်းမယုံလိုက်ပါနှင့်။

ထပ်မံ ဆိုချင်ပါသေးသည်။

ပဋ္ဌာန်းရွတ်လျှင် ဘာဖြစ်လာမှာမို့လဲ ဟူသော သံသယစိတ်နှင့် မရွတ် ပါနှင့်။

ချမ်းသာချင်သောစိတ်နှင့် မရွတ်ပါနှင့်။

နာမည်ကြီးချင်သော၊ ကျော်ကြားချင်သောစိတ်နှင့် မရွတ်ပါနှင့်။

ဘုန်းကြီးချင်သောစိတ်နှင့် မရွတ်ပါနှင့်။

ကုသိုလ်စိတ်ဖြင့်သာ ကြည်ညိုသဒ္ဓါပွားများ ရွတ်ဖတ်ပူဇော်ပါ။

ရွတ်ဖတ်ပူဇော်ရင်းနှင့်ပင် ဖြစ်ချင်သော ဆန္ဒများ အားလုံး ပြည့်လာပါလိမ့် မည်။

ကျွန်ုပ်သည်-

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးအား လွန်စွာ သက်ဝင်ကြည်ညို ရွတ်ဖတ်ပူဇော်လာသည့်နောက်ပိုင်းမှစ၍ ခက်ခဲနက်နဲလွန်းလှသော အင်္ဂဝိဇ္ဇာပညာများအား အတိုင်းအတာတစ်ခုအထိ တွေးနိုင်ခေါ်နိုင် ပညာဖြန့်ဝေလာနိုင်သူဖြစ်ရာ-

ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးအား ကျွန်ုပ်၏ ဝင်သက်ထွက်သက် တည်သမျှ ကာလပတ်လုံး ကြည်ညိုသဒ္ဒါပွားစွာ ရွတ်ဖတ်ပူဇော်သွားမည်ဟု အဓိဋ္ဌာန်ပြုထားသူ ဖြစ်၏။ ပဋ္ဌာန်းတန်ခိုးတော်ကြောင့် ရရှိလာခဲ့ရသည့် မယုံကြည်နိုင်လောက်သော အောင်မြင်မှု များစွာကိုလည်း ဘာနှင့်မှ မလဲနိုင်တော့။

ဉာဏ်အလင်း ပွင့်လွန်းသော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးအား ကြည်ညိုပူဇော်ခြင်းကို ဖြစ်နိုင်လျှင် ကျောင်းသားလူငယ်လေးများထိ ပျံ့နှံ့စိမ့်ဝင်သွားစေချင်လွန်းလှပါ၏။

ကြိုးလည်း ကြိုးစားပါမည်။

ယခုလည်း ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးနှင့်ပတ်သက်ပြီး တတ်စွမ်းနိုင်သမျှ ပါရမီဖြည့်လိုက်ရခြင်း ဖြစ်ပါသည်။

စာအုပ်ကို ငဲ့ကွက်၍ ပြောမယုံ ကြုံမှသိနိုင်သော ပဋ္ဌာန်းတန်ခိုးတော်၏ ထူးခြားအံ့ဖွယ်ကြီးများအား ချန်လှပ်ခဲ့ရပါသည်။ ကိုယ်တွေ့ပေါင်း များစွာကို နောင်အလျဉ်းသင့်လျှင် တင်ပြနိုင်ရန် ကြိုးစားပါဦးမည်။

ယခုလောတ် ပူဇော်ခွင့်ရခြင်းကို ပီတိပေါင်းများစွာနှင့် အတိုင်းမသိ ကြည်နူးရပါသည်ဟု ကုသိုလ်စကား ပါရမီဖြည့်စကားဆိုရင်း-

* * *

**အနန္တဝေါစရံ- အဆုံးမရှိ တုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူပါပေထသော တံ အနန္တနယ ပဋ္ဌာနံ - များမြောင်ပေါ်ယယ်နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းတော်ကြီးကို၊ ဝန္ဒေ - တစ်သက်တစ်ခါ ကြုံခဲစွာမို့ ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်ပြီး နှစ်မြိုက်လှစွာ သဒ္ဒါရိုကျိုးလက်စုံမိုး၍ ရှိခိုးတန်တော့လိုက်ရပါ၏ ဘုရား။**

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

## အနန္တနယ သမန္တ မဟာပဋ္ဌာန်း
## သိကောင်းစရာနှင့် ကိုယ်တွေ့ဖြစ်ရပ်

တက္ကသိုလ်တင်ဟန်ကျော်

### နတ်ပြည်မှ တရားပွဲကြီး

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါ ဝါဆိုတော်မူ၍ အဘိဓမ္မာဒေသနာ တရားတော်မြတ်ကြီးအား ဟောကြားတော်မူသည်။

မြတ်စွာဘုရားရှင်သည် ကဏ္ဍ မည်သော ကောသမ္ဗီမင်း၏ ဥယျာဉ်မှူးစိုက်ပျိုးသောကြောင့် ကဏ္ဍမ္ဗရုက္ခ ခေါ် ဥယျာဉ်မှူး မောင်ကဏ္ဍ စိုက်ပျိုးအပ်သည့် သရက်ဖြူပင် အနီး၌ အရှင်မဟာမောဂ္ဂလ္လာန် မထေရ် တောင်းပန်လျှောက်ထားအပ်သည် ဖြစ်၍ ကဏ္ဍဥသဘဇာတ်ကို ဟောကြားတော်မူပြီးနောက် အရှေ့နှင့်အနောက် စကြဝဠာတိုက်ပေါင်း တစ်သောင်း အလျားရှိသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၏။

ထို့နောက် လူ၊ နတ်၊ ဗြဟ္မာတို့၏ အလယ်၌ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။ ရေမီး အစုံအစုံ ဟူ၍ ခေါ်ဆိုအပ်သော ယမိုက်ပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရားရှင်သည် လောကဝိဝရဏ ပြာဋိဟာကိုလည်း ပြတော်မူသည်။ ထိုသို့ တန်ခိုးတော်ကို ပြရင်းမှ တရားတော်ကိုလည်း ဟောတော်မူသည်။ လူ၊ နတ်၊ ဗြဟ္မာ ကုဋေနှစ်ဆယ်တို့ တရားသိမြင် ကျွတ်တမ်းဝင်ကြသည်။

ဤသို့ တန်ခိုးတော်ပြခြင်း၊ တရားဟောခြင်း ပြုပြီးသည်ရှိသော် မြတ်စွာဘုရားရှင်သည် 'ရှေးအခါက နောင်တော်ဘုရားတို့သည် ယမိုက်ပြာဋိဟာ ပြတော်မူပြီးသောအခါ အဘယ် အရပ်၌ ဝါကပ်တော်မူလေသနည်း' ဟူ၍ ဆင်ခြင်တော်မူ၏။ ဆင်ခြင်သောအခါ 'တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူကြ၍ မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူကြမြဲပေ' ဟူ၍ သိမြင်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထိုင်နေတော်မူသောအခါ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် မိမိ စံနေရာ တုသိတာဘုံမှ ဆင်းသက်လာပြီး မြတ်စွာဘုရားရှင်၏ရှေ့လက်ယာဘက် ဘေးဝယ် ထိုင်လာသည်။ သန္တုသိတနတ်သား ထိုင်ပြီးသောအခါ ဣန္ဒက နတ်သားသည် မြတ်စွာဘုရားရှင်၏ လက်ယာဘက်၌၊ အင်္ကုရ

www.burmeseclassic.com

www.burmeseclassic.com



နတ်သားသည် မြတ်စွာဘုရားရှင်၏ လက်ဝဲဘက်၌ ရှိသေစွာ ထိုင်လာ၏။ အကိုရနတ်သားသည် တန်ခိုးကြီးသော နတ်ပြဟ္မာတို့ ရောက်လာတိုင်း နောက်သို့ ဆုတ်ပေးရသောကြောင့် မြတ်စွာဘုရားရှင်မှ တစ်ဆယ့်နှစ်ယူဇနာ ဝေးသော အရပ်သို့ ရောက်သွားရသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားနှင့် ဣန္ဒက နတ်သားတို့သာ မူလ နေရာ၌ ကျန်ခဲ့ရလေ၏။

အကိုရ နတ်သားသည် လူ့ဘဝ၌ ကဿပ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက်ပိုင်း သာသနာပြင်ပမှ အလှူခံများကို လှူဒါန်း စွန့်ကြဲခဲ့ရသောကြောင့် နတ်ဖြစ်သော်လည်း ဘုန်းတန်ခိုး မေးမှိန်၏။

ဣန္ဒက နတ်သားသည် လူ့ဘဝ၌ ဂေါတမ မြတ်စွာဘုရားရှင်၏ တပည့်သား ဖြစ်တော်မူသော အရှင်အနုရုဒ္ဓါ မထေရ်မြတ်အား ဆွမ်းလှူခဲ့ဖူးသည်။ ထိုသို့ သာသနာတော်တွင်း၌ လှူဒါန်းရသောကြောင့် ဘုန်းတန်ခိုးကြီးသော နတ်သား ဖြစ်လာရသည်။

ထို့ကြောင့် ဘုန်းတန်ခိုး မေးမှိန်သော အကိုရ နတ်သားသည် ဘုန်းတန်ခိုး ကြီးမားသော နတ်ပြဟ္မာများ ကြွရောက်လာတိုင်း နောက်သို့ ဆုတ်ပေးရခြင်း ဖြစ်ပြီး၊ ဘုန်းတန်ခိုးကြီးသော ဣန္ဒက နတ်သားနှင့် သန္တုသိတ နတ်သားတို့သာ မူလနေရာမှ မရွေ့မပြောင်း ကျန်ခဲ့ရခြင်း ဖြစ်၏။

မြတ်စွာဘုရားရှင်သည် အကိုရနှင့် ဣန္ဒက နတ်သားနှစ်ပါးကို အကြောင်းပြု၍ သာသနာပ အလှူနှင့် သာသနာတွင်း အလှူတို့ အကျိုးပေး ကွာခြားပုံကို ဟောကြားတော်မူပြီးနောက် သန္တုသိတ မယ်တော်မိနတ်သား အမှူးပြုသည့် နတ်ပြဟ္မာ ပရိသတ်အား အဘိဓမ္မာ တရားတော်ကို ဝါတွင်း သုံးလပတ်လုံး ဟောကြားတော်မူခဲ့လေသည်။

ထို့ကြောင့် အဘိဓမ္မာတရားပွဲသည် တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားရှင် ဆင်ယင် ဟောကြားတော်မူသော နတ်ပြည်မှ တရားပွဲကြီး ဖြစ်ပါသည်။

## အဘိဓမ္မာဟူသည်

အဘိဓမ္မာ ဆိုသည်မှာ အလွန် နူးညံ့သော သစ္စာတရား၊ အမှန်တကယ် ရှိနေသော သစ္စာတရား၊ ရွှေခေတ် ကဲ့သို့ အနှစ်ထိုင်နေသော သစ္စာတရား ဟူ၍ ဆိုရသည်။

အဘိဓမ္မာ ဟူသောပုဒ်အား သဒ္ဒါနည်းဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ပြရသော် အလွန် ထူထဲခိုင်ညားသော ကျမ်းစာအုပ်ကြီး တစ်အုပ်အဖြစ် သီးသန့် စီစဉ်ရပေမည်။ ဤနေရာ၌ကား ထိုသို့ ဖွင့်ဆိုခွင့်ကို မရနိုင်ပြီ။ အခွင့်ရသမျှ ဆိုရချေသော်



အဘိဓမ္မ ဟူသောပုဒ်၌ အဘိနှင့်ဓမ္မ ပုဒ်နှစ်ခုကို ပေါင်းစပ်ထားသည်။ အဘိ ဟူသော သဒ္ဒါသည် ပွားခြင်း၊ မှတ်ခြင်း၊ ပူဇော်ထိုက်ခြင်း၊ ပိုင်းခြားခြင်း၊ သာလွန်ခြင်း စသည့် အနက်အထွေထွေကို ဟောဆိုပေသည်။ ဓမ္မ ဟူသော သဒ္ဒါသည် တရား ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် အဘိဓမ္မသည် ပွားသော တရားတော် ဖြစ်သည်။ မှတ်သားအပ်သော တရားတော် ဖြစ်သည်။ ပူဇော်ထိုက်သော တရားတော် ဖြစ်သည်။ ပိုင်းခြားအပ်သော တရားတော် ဖြစ်သည်။ သာလွန်သော တရားတော် ဖြစ်သည်။

ထိုသို့ ထူးခြား လေးမြတ်သော တရားတော် ဖြစ်ခြင်းကြောင့် အဘိဓမ္မာ တရားတော်သည် လောကီချမ်းသာကို ပေးစွမ်းပြီး၊ လောကုတ္တရာ ချမ်းသာကိုလည်း ပေးစွမ်းနိုင်သည်သာ ဖြစ်ရသည်။ အဘိဓမ္မာတရားတော်အား နာယူခြင်း၊ သင်ကြားခြင်း၊ ရွတ်ဖတ်ခြင်း၊ နှလုံးသွင်းဆင်ခြင် ကျက်မှတ်ခြင်း စသည် ပြုလုပ်နေခြင်းသည် ဝိပဿနာတရား ပွားများ အားထုတ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် အဘိဓမ္မာဟူသည် အလွန် သိမ်မွေ့နူးညံ့သောတရား၊ အလွန် ခက်ခဲနက်နဲသောတရား၊ အလွန် အဝန်းအဝိုင်း အပြန့်အပြော ကျယ်ဝန်းသော တရား၊ အလွန် ထူးကဲသာလွန်သောတရား ဖြစ်သည်။

## အဘိဓမ္မာဒေသနာ ဟူသည်

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံ ကြွမြန်းတော်မူပြီးနောက် ပထမ သံဂါယနာ တင်တော်မူကြသည့် ရဟန္တာအရှင်မြတ်တို့သည် အဘိဓမ္မာဒေသနာတော်ကို ပိဋက အားဖြင့် အဘိဓမ္မာပိဋက၊ နိကာယ်အားဖြင့် ခုဒ္ဒကနိကာယ်၊ အင်္ဂါအားဖြင့် ဝေယျာကရဏ၊ ဓမ္မက္ခန္ဓာ အားဖြင့် လေးသောင်းနှစ်ထောင် ဟူ၍ သတ်မှတ်ပိုင်းခြား မှတ်တမ်းတင်တော် မူထားခဲ့ကြသည်။(လေးသောင်းနှစ်ထောင်ဆိုသည်မှာ ပထမ သံဂါယနာတင်စဉ် အရေအတွက် ဖြစ်ပါသည်။)

အဘိဓမ္မာ ဖြစ်သော အဘိဓမ္မာဒေသနာသည် ကျမ်း အနေအားဖြင့် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်္ဂ၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ္တိ၊ (၅)ကထာဝတ္ထု၊ (၆) ယမက၊ (၇) ပဋ္ဌာန်း ဟူ၍ ခုနစ်ကျမ်း ဖြစ်သည်။

## ပဋ္ဌာန်း ဟူသည်

ပဋ္ဌာန်း ဆိုသည်မှာ ပဋ္ဌာန ဟူသော ပါဠိမှ သက်ဆင်းလာခြင်း ဖြစ်သည်။ ထိုအခါ ပဋ္ဌာန်းသည် အဘိဓမ္မာဒေသနာတော်ဖြစ်ကြောင်း သိသာပြီ။ ပဋ္ဌာန ဟူသော သဒ္ဒါသည် အကြောင်းအမျိုးမျိုး၊ ဝေဖန်ခြင်း၊ သွားခြင်း စသည် အနက်တို့ကို ဟောသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်လေးပစ္စည်းတို့တွင် ဟေတု၊ အဝိဂတ စသော တစ်ခုတစ်ခုသော ပစ္စည်း၌ အကြောင်းအမျိုးမျိုးကို ဟောတော်မူသည်။ ထို့ကြောင့် ဟေတု၊ အာရမ္မဏ စသော တစ်ခုတစ်ခုသော ပစ္စည်းသည်ပင် ပဌာန်း ဟူ၍ ဆိုရသည်။

နှစ်ဆယ့်လေးပစ္စည်းတို့တွင် ဟေတု၊ အဝိဂတ စသော တစ်ခုတစ်ခုသော ပစ္စည်း၌ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စသော တရားတို့ကို ဝေဖန်၍ ဟောတော်မူသည်။ ထို့ကြောင့် ဟေတု၊ အာရမ္မဏ၊ အဓိပတိ စသော တစ်ခုတစ်ခုသော ပစ္စည်းသည်ပင် ပဌာန်း ဟူ၍ ဆိုရသည်။

နှစ်ဆယ့်လေးပစ္စည်းတို့တွင် ဟေတု၊ အဝိဂတ စသော တစ်ခုတစ်ခုသော ပစ္စည်း၌ သဗ္ဗညုတ ဉာဏ်တော်သည် ကျွတ်ကျွတ်လွတ်လွတ် ကျက်စားသွားလာနိုင်သည်။ မဟာသင်္ဂဏီ စသော အဘိဓမ္မာကျမ်းတို့၌ သဗ္ဗညုတ ဉာဏ်တော်သည် ကျွတ်ကျွတ်လွတ်လွတ် ကျက်စား မသွားလာနိုင်။ ထို့ကြောင့် ဟေတု စသော တစ်ခုတစ်ခုသော ပစ္စည်းသည်ပင် ပဌာန်း ဟူ၍ ဆိုရသည်။

ပဌာန်းကျမ်းသည် တိကပဌာန်း၊ ဒုကပဌာန်း၊ ဒုကတိကပဌာန်း၊ တိကဒုကပဌာန်း၊ တိကတိကပဌာန်း၊ ဒုကဒုကပဌာန်း အားဖြင့် ဓမ္မာနုလုံ၌ (၆) ကျမ်း၊ ထိုနည်းတူ ဓမ္မပစ္စနိက်၌ (၆) ကျမ်း၊ ဓမ္မာနုလောမပစ္စနိက်၌ (၆) ကျမ်း၊ ဓမ္မပစ္စယနိယာနုလောမ၌ (၆) ကျမ်း ပေါင်း၍ (၂၄) ကျမ်း ရှိသည်။

ဤသို့ ပဌာန်းကျမ်း (၂၄) ကျမ်းရှိကြောင်းကို သိရခြင်းအားဖြင့် ဟေတုပစ္စယော စသော (၂၄) ပစ္စည်းတို့၌ ပဌာန်း (၂၄) ကျမ်း ဖြစ်ကြောင်း အထင်အမှတ်မှားခြင်းမှ ကင်းရှင်းစွာ ရနိုင်ပေသည်။

ထို ပဌာန်း (၂၄) ကျမ်းတွင် တိကပဌာန်းကျမ်း၌ အကျယ်ကျမ်းပေါင်း (၂၂) ကျမ်း၊ ဒုကပဌာန်းကျမ်း၌ အကျယ်ကျမ်းပေါင်း (၁၀၀) ကျမ်း စသည်ဖြင့် ဂဏန်းသင်္ချာ ရေတွက်ပါမူ အသင်္ချေ အသင်္ချာ များလှစွာ၏။ ထို့ကြောင့် အဋ္ဌကထာ ဆရာတော်တို့သည် ပဌာန်းကျမ်းကို သမန္တပဌာန်းကျမ်း၊ အနန္တနယ ပဌာန်းကျမ်း၊ အနန္တနယ သမန္တ ပဌာန်းကျမ်း ဟူ၍ ခေါ်ဆိုတော်မူခဲ့သည်။

သမန္တ သဒ္ဒါသည် ထက်ဝန်းကျင်၊ အလုံးစုံ ဟူသော အနက်ကို ဟောသည်။ အနန္တနယ ဆိုသည်မှာ အဆုံးအပိုင်းအခြား မရှိ ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာပြင်ထက်ပင် ကျယ်ဝန်းသော နည်းလမ်းများ ဟူ၍ ဆိုရသည်။ ထို့ပြင် ပဌာန်းကျမ်းကြီးကို အနန္တနယ သမန္တ မဟာပဌာန်းကျမ်း ဟူ၍လည်း ဆိုရပါသေးသည်။

အဋ္ဌသာလိနီ နိဒါန်းလာ သိဟိုဠ်ကျွန်းမှ ဂမိယတိဿမထေရ်၏ ဖြစ်ရပ်သည် ပဌာန်းတရားတော်ကြီး၏ ပြန့်ပြော ကျယ်ဝန်း နက်ရှိုင်းပုံနှင့် စပ်လျဉ်း၍ စိတ်ဝင်စားဖွယ် ဖြစ်သည်။



ဂမိယတိဿမထေရ်သည် မဟာတောင်သို့ ဖူးမြော်ရန် မဟာသမုဒ္ဒရာကို ရေယာဉ်ဖြင့် ကူးသန်း ဖြတ်ကျော်ရသည်။ ထိုသို့ ကူးလာခဲ့ရာ ကမ်းမမြင် လမ်းမမြင် ရေပြင်ကြီးကိုကြည့်၍ ဤရေပြင်နှင့် ပဌာန်းဒေသနာတော်တို့ အဘယ်က ပို၍ နက်နဲကျယ်ဝန်းပါသနည်းဟု ဆင်ခြင်မိသည်။ ထိုအခါ မဟာသမုဒ္ဒရာသည် အောက်တွင် မြေ၊ အထက်တွင် ကောင်းကင်၊ ဤမှာဘက်က ကမ်းအဆုံး၊ ဟိုမှာဘက်က စကြဝဠာတောင်အဆုံး ဟူသော အပိုင်းအခြား အကန့်အသတ်ရှိပုံကို ဆင်ခြင်မိသည်။ ပဌာန်းဒေသနာတော်သည် မဟာသမုဒ္ဒရာကဲ့သို့ အပိုင်းအခြား အကန့်အသတ် မရှိဘဲ ကျယ်ဝန်းတော်မူပုံကိုလည်း ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်မိပြန်သည်။ ထိုအခါ ပဌာန်းတရားတော်၏ အဆုံးမဲ့ အကန့်အသတ်မဲ့ ကျယ်ချင်တိုင်းကျယ်၊ နက်ချင်တိုင်းနက်ပုံကို နှစ်သက်ခြင်း ပီတိသောမနဿ ကြီးစွာ ဖြစ်ပေါ်လာသည်။ ဂမိယတိဿမထေရ်သည် ဖြစ်ပွားလာသောပီတိကို ပယ်ခွာ၍ ပဌာန်းတရားတော်ဖြင့် ဝိပဿနာ ပွားများရာ ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီး ရဟန္တာ ဖြစ်တော်မူသည်။

ယခုအခါ အများသူငါ ရွတ်ဖတ်ပူဇော်နေကြသော ပဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ ဆိုသည်မှာ သံဂါယနာတင် ပဌာန်းငါးအုပ်၊ စာမျက်နှာပေါင်း (၂၅၅၄) ရှိသည့်အနက်မှ စာမျက်နှာ (၁၂) မျက်နှာခန့်ကိုသာ ထုတ်နုတ် ပူဇော်နေကြခြင်း ဖြစ်သည်။ (ပဌာန်းငါးအုပ် စာမျက်နှာ အရေအတွက်မှာ စာအုပ်အရွယ်အစား၊ အတွင်းစာသား ဖွဲ့စည်းပုံအရ တစ်မူနှင့်တစ်မူ တူညီခြင်း မရှိဘဲ အတိုး၊ အလျော့ ရှိပါသည်။) ပဌာန်းငါးအုပ်ကို အရွတ်အဆို ကျွမ်းကျင်နိုင်နင်းစွာဖြင့် မရပ်မနား ရွတ်ပါက နာရီပေါင်း (၁၃၂) နာရီ၊ ရက်အားဖြင့် (၇) ရက်ခန့်တွင် အစအဆုံး ရွတ်ဆို ပြီးစီးပါသည်။ ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသကိုမူ မိနစ် (၃၀) ခန့် ရွတ်ရပါသည်။

## ပဌာန်းတရားတော်နှင့် မြတ်ဗုဒ္ဓ၏ ရောင်ခြည်တော်

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အထက်တွင် ဖော်ပြပြီးသော အဘိဓမ္မာ ခုနစ်ကျမ်း တည်းဟူသော ရတနာ အစစ် တရားအနှစ်တို့ကို စတုတ္ထသတ္တာဟ ရတနာဃရ (ရတနာရွှေအိမ်)၌ သုံးသပ်ဆင်ခြင်တော်မူ၏။ ထိုအခါ ဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်း အထိ အဘိဓမ္မာ ခြောက်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသော်လည်း ရောင်ခြည်တော် ခြောက်ပါး ကွန့်မြူး ထွက်ပေါ်တော်မူခြင်း မရှိပါ။ အနန္တနယ သမန္တ ပဌာန်းတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူသော အခါမှသာ ရောင်ခြည်တော်ခြောက်သွယ်သည် နေ့အထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ ... အရောင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေ၏။ ဤသို့ ရောင်ခြည်တော်များ ကွန့်မြူးခြင်းသည် အဓိဋ္ဌာန်ကြောင့်ဖြစ်သောတန်ခိုး(အဓိဋ္ဌာနိဒ္ဓိ) မဟုတ်၊ ဘာဝနာကြောင့် ဖြစ်သော တန်ခိုး (ဘာဝနာမယိဒ္ဓိ)လည်း မဟုတ်ချေ။ နူးညံ့သိမ်မွေ့ပြီး နက်ရှိုင်းကျယ်ပြောလှသော ပဋ္ဌာန်းတရားတော်ကြီးကြောင့် မြတ်စွာဘုရားရှင်၏ နှလုံးအိမ်မှ သွေးတော်သည် အလွန်တရာ ကြည်လင်၍ လာ၏။ ထို့ကြောင့် အရေအဆင်းတော်သည်လည်း အလွန်တရာ ကြည်လင်လာသည်။

ထို့ကြောင့် စိတ်တွင် အကြောင်းရင်းခံသည့် ဥတုကြောင့် ဖြစ်သော အတောင်ရှစ်ဆယ်ရှိ ရောင်ခြည်တော်အဆင်း (အသီတိနိစ္စလဋ္ဌိတိ) သည် ကွန့်မြူးတော်မူလာရခြင်း ဖြစ်သည်။ ထိုစဉ်က ကွန့်မြူးထွက်ကြွတော်မူသော ရောင်ခြည်တော်ခြောက်သွယ်သည် ယနေ့တိုင် စကြဝဠာ လောကဓာတ်တစ်ခွင်လုံး၌ တန့်နားခြင်း မရှိ လှုပ်ရှားကြွချီနေတော်မူသည်။

ဤသို့ဖြင့် ပဋ္ဌာန်းဒေသနာတော်ကို မိမိတို့ စွမ်းနိုင်သမျှ အတိုင်းအတာဖြင့် ရွက်ဆောင်ကြိုးပမ်း အားထုတ်နေသူတို့သည် ရုပ်အဆင်းသဏ္ဌာန် ရှင်းသန့်ကြည်လင်ခြင်း၊ နုပျိုကျန်းမာခြင်း စသည် ဖြစ်ကြရသည်မှာ ဓမ္မနိယာမ၊ စိတ္တနိယာမ၊ ဥတုနိယာမ အစဉ်အလာအားဖြင့် ဖြစ်သင့်ဖြစ်ထိုက်ကြသည်သာ ဖြစ်ပါသည်။ ဤသည်မှာ မဖောက်မပြန် မှန်ကန်လှသော သစ္စာတရားပင်။ တစ်နည်းအားဖြင့် ပြောရပါသော် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး၏ ကြည်ညိုဖွယ် အံ့မခန်း အစွမ်းသတ္တိ တစ်ပါးသည်သာ ဖြစ်ပါ၏။

ဤသို့ ဆိုခဲ့သော စကားအစဉ်အားဖြင့် (ဤနေရာ၌) ပဋ္ဌာန်းဟူသည်နှင့် စပ်လျဉ်း၍ အတော်အတန် ပြည့်စုံလောက်ပါပြီ။

### ပဋ္ဌာန်းပူဇော်ရသော အကျိုး

(၁) ရင်ဆိုင်တွေ့ကြုံ ခံစားနေရသည့် ဘေးအန္တရာယ် အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ခြင်း၊

(၂) ကျရောက်လာမည့် ဘေးအန္တရာယ် အသွယ်သွယ်တို့မှ ရှောင်လွှဲ လွတ်မြောက်နိုင်ခြင်း၊

(၃) အပြစ်ကင်း၍ ကောင်းကျိုးဖြစ်စေမည့် ဆောင်ရွက်ချက်များ ပြီးမြောက် အောင်မြင်နိုင်ခြင်း၊

(၄) အပြစ်ရှိ၍ မကောင်းကျိုး ဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း၊

(၅) မိမိတို့ နေ့စဉ်နေ့တိုင်း ကောင်းမြတ်သော စိတ်ဓာတ်များဖြင် ပြုလုပ်



ဆောင်ရွက်နေသော ဆောင်ရွက်ချက်များ ပြီးမြောက်အောင်မြင်နိုင်ခြင်း၊

(၆) အဆုံးစွန်သော (နောက်ဆုံး) ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းတို့သည် မဟာပဋ္ဌာန်း ဒေသနာတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဆင်ခြင်ပွားများခြင်း စသည်တို့ကြောင့် ရရှိမည်ဖြစ်သော အကျိုးတရားတို့ ဖြစ်သည်။

* * *

### မိုးနတ်သား လာရောက်ပူဇော်သော
### အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ
### (ကိုယ်တွေ့ဖြစ်ရပ်)

ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ စာသင်သားလောကတွင် *'ကျမ်းကြီး ပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ဓာတုကထာ၊ ခက်ဆုံးသာ'* ဟူသော ဆိုထုံး တစ်ရပ် ရှိသည်။ ပဋ္ဌာန်းကျမ်း၊ ဆန်းကျမ်း ဓာတုကထာကျမ်း ဤသုံးကျမ်းသည် အခက်ခဲဆုံး ဖြစ်သည်ဟု ဆိုလိုသည်။ ထို အခက်ဆုံး သုံးကျမ်းတွင် ပဋ္ဌာန်းကျမ်းကြီးသည် အခက်တကာ့ အခက်ဆုံးနှင့် အနက်တကာ့ အနက်ဆုံး ဖြစ်သည်။ ခက်ခဲ နက်နဲသည်နှင့်အမျှ ကျယ်ဝန်းနက်ရှိုင်း သိမ်မွေ့လွန်းလှသည်။ စာသင်သား ရဟန်းတော်များသည် ပဋ္ဌာန်းကျမ်းကြီးကို သင်ကြ [illegible] ရာ၌ နာမည်ကျော်ကြားသော ကျောင်းတိုက်ကြီးများ ရှိရာသို့ တကူးတက [illegible] တပင် တပန်း သွားရောက် သင်ကြားကြရသည်။ ကျားကုတ်ကျားခဲ သင်အံကျက်မှတ်ကြရသည်။ တချို့ဆရာတော်ကြီးများဆိုလျှင် အသက်ထက်ဆုံး ပျံလွန်တော်မူသည့်တိုင် ပဋ္ဌာန်းကျမ်းတော်ကြီးကို မပျက်မကွက် မဆုတ်မနစ် သင်ကြားပို့ချသွားတော်မူကြသည်။ လယ်တီဆရာတော်ဘုရားကြီး၊ မိုးညှင်းဆရာတော်ဘုရားကြီး စသည့် ဆရာတော်ဘုရားကြီးများသည် အနန္တနယ သမန္တ မဟာပဋ္ဌာန်း တရားတော်ကြီး ထွန်းလင်း တောက်ပအောင် စွမ်းဆောင် ကြိုးပမ်းတော်မူခဲ့ကြသည်။ ယနေ့အခါတွင်လည်း မြန်မာပြည်တစ်ဝန်းလုံး အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးများ ဆင်ယင်ကျင်းပတော်မူနေကြသည်မှာ မျက်မြင်ဒိဋ္ဌပင် ကြည်ညိုဖွယ်ရာ ကောင်းပေစွ။ ကျေးဇူးတော်ရှင် ဘဒ္ဒန္တ သူရိယာဘိဝံသ [illegible] ဆရာတော်ဘုရားကြီးသည် သက်တော် (၉၆) နှစ် ပျံလွန်တော်မူခါနီး [illegible]လေး ရက် အလိုထိ ပဋ္ဌာန်းစာဝါတော်ကို ပို့ချတော်မူခဲ့သည်။

ပြောရင်းဆိုရင်းဖြင့် ပဋ္ဌာန်းနှင့် စပ်လျဉ်းသော ကြည်ညို[illegible]ယ်ရာများသည် ဦးနှောက်ထဲမှာ စီတန်းဝဲလှည့်နေကြပြီ။ မြင်းကောင်း စိုင်[illegible]သကဲ့သို့ ဂျောင်းဂျောင်းပြေး ရေးချလိုက်ချင်သည်။ သို့ပေမင့် ဤမျ[illegible] ဇက်သတ်ချေဦးမှ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မည်။ သင့်နိုးရာရာလေးများဘက်သို့ ဦးလှည့်ရမည့် အရေးက ရှိနေသေးသည်။ လှည့်ဦးမှ။

ကျွန်တော် ရဟန်းဝတ်ခဲ့စဉ် ကြုံခဲ့ရသော အမှတ်တရလေး တစ်ခု။ ထနောင်းပင်ထက်က ချိုးကူသံလေးများဖြင့် သာမောဖွယ် ကောင်းလှစွာသော အညာကျေးလက် တစ်နေရာသို့ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အတွက် ကြွရောက်ခဲ့ရစဉ်က ဖြစ်ပါသည်။

ရန်ကုန်သား ဖြစ်သော ကျွန်တော်သည် ရွှေညာသား စာရေးဆရာများ၏ အညာဘွဲ့ စာပေတွေကို ဖတ်ပြီး အညာကို လွမ်းမောနေရသည်မှာ ကြာပါပြီ။ ထို ဆရာများကလည်း ထနောင်းပင်နှင့် ရွှေချိုးကူသံကို တစ်ယောက်တစ်မျိုး မရိုးရအောင် ရေးဖွဲ့နိုင်စွမ်းပေသကိုး။

အိပ်မက်ထဲက ရွှေညာမြေကို ရောက်ရတော့မည် ဆိုသောအခါ လွတ် ပျော်ပေါ့လေ၊ ဘာပြောကောင်းမလဲ။ အဖွဲ့ခေါင်းဆောင် ဆရာတော်ကိုလည်း မကြာခဏ မျက်နှာလေး သွားသွားပြုရသည်။ မေ့ပြီး ချန်ထားခဲ့မှာ စိုးလို့။

ထွက်ပါပြီ။ ပဋ္ဌာန်းရွတ်ပွဲ ဝင်ကာနွှမည့် ကိုယ်တော်များ ရန်ကုန်ဘူတာ ကြီးမှ မန္တလေးအဆန် ရထားကြီးကိုစီးကာ ရွှေမန်းဆီသို့ ထွက်ခွာလာခဲ့ကြပါပြီ။ ပျော်လိုက်သည့်ဖြစ်ခြင်း။

ရမည်းသင်းကို ကျော်လာပြီ။ ထိုအခါ ကျွန်တော့်ရင်ထဲမှ ပျော်ရွှင်ခြင်း သည် လွမ်းချင်ချင် ဖြစ်လာရပါတော့သည်။ အဘယ်ကြောင့်နည်းဟု စောဒက ဝင်လာငြားအံ့၊ အပူဒဏ်ကြောင့်ဟု ကျွန်တော် ဖြေပါမည်။ ကျွန်တော်တို့ ထွက် လာသော အခါသမယသည် မေလ ဟူ၍ ကျွန်တော် မှတ်မိနေပါသည်။ မေလ ကုန်လုလု အချိန်လောက် ဖြစ်ပါမည်။ ဤအချိန် ရန်ကုန်မှာ ပူနေသောအပူသည် ရန်ကုန်သား ကျွန်တော့်အတွက် မဆန်း၊ သို့သော် ရမည်းသင်းကို ကျော်သော အခါ ရမည်းသင်းသား မဟုတ်သော ကျွန်တော့်အတွက် ဆန်းလေပြီ။ မီးရထား ပြတင်းပေါက်မှ လေအဟုန်နှင့် ဝင်လာသောအပူငွေ့သည် ကျွန်တော့်တစ်ကိုယ်လုံး ကျွမ်းမြည့်သွားလေပြီလား ထင်မိသည်။ ကျွမ်းကား မက္ကျွမ်းသေး၊ မကျွမ်းသော်ငြား ကျွန်တော် မနေတတ်အားတော့ပြီ။ ကျွန်တော် (ထိုစဉ်က ရဟန်းဝတ်နှင့် ဖြစ် သောကြောင့်) သင်္ကန်းကို ခေါင်းမြီးခြုံလိုက်သည်။ အပူဒဏ်မှ သက်သာလို သက်သာငြား ခေါင်းမြီးခြုံလိုက်ကာမှ မသက်သာသည့်ပြင် မီးအေးနှစ်ခါနာ ဖြစ်ရတော့သည်။ အပူငွေ့သည် သင်္ကန်းကို ထိုးဖောက်ပြီး ဝင်ရောက်လာသည် ကတစ်တန်၊ အသက်ရှူက ကျပ်လာသည်မှာ တစ်ဖုံဖြင့် ခေါင်းမြီးခြုံကို ဖွင့်ပြီး ပွားခနဲ လုပ်ရတော့သည်။ ထို ပွားခနဲသည် အသက်ကို အငမ်းမရ ရှူခြင်းလား၊ အပူဒဏ်ကြောင့် အောင့်ထားသော အသက်ကို မှုတ်ထုတ်လိုက်ခြင်းလား



မခွဲခြားတတ်တော့။

ကျွန်တော့်ရှေ့ ထိုင်ခုံမှာ မြိန်မြိန်ကြီး သီတင်းသုံးနေသော အဖွဲ့ခေါင်း ဆောင် ဆရာတော်သည် ကျွန်တော်၏ ငါးရံ့ပြာလူး ဖြစ်နေပုံကို ပြုံးပြုံးကြီးဖြင့် ကြည့်နေတော်မူသည်။ ဆရာတော်၏ အပြုံးသည် 'အညာကို လိုက်ချင်လှချည် ရဲ့ ဆိုတဲ့ ကိုယ်တော်လေး၊ ဘယ့်နှယ် ရှိစ' ဟူသော အဓိပ္ပာယ်ကလွဲ၍ အခြား မဖြစ်နိုင်ပါ။ ဆရာတော်သည် ပြုံးနိုင်ပေမည်ပေါ့။ ယခု ကျွန်တော်တို့ သွား ရောက် ပဋ္ဌာန်းရွတ်မည့် ရွာကလေးသည် ဆရာတော်၏ ရွှေချက်တော်သိုရာ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်ပေသတည်း။

ဤသို့ဖြင့် မန္တလေးသို့ မရောက်မီ ကြားဘူတာလေး တစ်ဘူတာမှာ ကျွန်တော်တို့ ဆင်းကြပြီ။ ထိုမှ ကားဖြင့် ခရီးဆက်ရဦးတော့မည်။ အမှန်ကို ပြောရလျှင် ကျွန်တော် ရန်ကုန်သို့ ပြန်ပြေးချင်လှပါပြီ။ ထနောင်းရိပ်ကို မခို လိုတော့၊ ချိုးကူသံ တကူကူးကိုလည်း မကြားလိုတော့၊ ရွှေညာသား စာရေး ဆရာတို့၏ ဖွဲ့ဖွဲ့နွဲ့နွဲ့ အညာဘွဲ့တွေလည်း ကျွန်တော့်ခေါင်းထဲမှာ မရှိတော့။ ဤမျှ ပူစပ်ပူလောင်နှင့် နံပြားဖုတ်သည့်ဖိုထဲ ဝင်ထိုင်နေရသလို ဖြစ်နေမှတော့ 'တောင်ပံလေးများ ရနိုင်ရင်တော့ လိုချင်သားကွယ်၊ ဒါမှ (ဘယ်သူဆီဆိုလား) တို့လည်း ပျံနိုင်မှာ' ဆိုသလို ရန်ကုန် ရွှေမြို့တော်ဆီ ပြန်ပြေးချင်ပြီပေါ့။

မည်သို့ဆိုစေ ဆုတ်ကန်ဆုတ်ကန်ဖြင့် ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည့် ရွာ ကလေးသို့ ရောက်ခဲ့ရပါပြီ။ ရွာကလေး၏ အဝင်လမ်းကို ခြေချလိုက်မိသည်နှင့် 'လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်လာ မြင် ယောင်သေးတော့သည် အညာဌာနီ တစ်ခါလာမည် ကျွန်တော့်အတွက်တော့ မေ့မရပါလေပြီ' ဟူသော အဆိုတော် သန်းထွန်းလေး၏ သီချင်းသံက နားထဲမှာ ကြားယောင်လာသလိုလို ဖြစ်ရတော့သည်။

ဟုတ်ပါသည်။ ဤခရီးစဉ်သည် ကျွန်တော့်ဘဝအတွက် မေ့မရနိုင်စရာ ဖြစ်ခဲ့ရပါသည်။ တစ်နည်းအားဖြင့် ပဋ္ဌာန်းတရားတော်ကြီး၏ အစွမ်းသတ္တိ ကြီးမားလှပုံကို ကိုယ်တွေ့မှ တကယ့်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသော ခရီးစဉ်ဖြစ် ခြင်းကြောင့် ဘဝတစ်သက်တာဝယ် မေ့ရက်စရာ မရှိနိုင်တော့ပါမြေ။

ကျွန်တော်တို့ ရောက်သွားသောရွာမှ ဘုန်းတော်ကြီးကျောင်းသည် ရွာ သိမ်ရွာငယ်လေးမှ ကျောင်းပင် ဖြစ်သော်လည်း ကြီးကျယ်ခမ်းနားလှပါသည်။ သို့သော်လည်း ကျောင်းထိုင်ကိုယ်တော်တစ်ပါးနှင့် ကိုရင်လေး နှစ်ပါးသာ ရှိရာ သည်။ ကျွန်တော်တို့ ရောက်သွားသောအခါ ကျောင်းထိုင်ကိုယ်တော်သည် ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ရှာသည်။ ကျွန်တော်သည် ဤလို နေရာ မျိုး၌ ဤသို့သော ကျောင်းတော်ကြီးကို မြင်တွေ့ရသောအခါ သဒ္ဓါမချို့သည့်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ သာသနာ့အားမာန်တို့ကို ဆင့်ပွား ခံစား၍ ပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာမိရပါသည်။ ထို ပီတိအဟုန်ကြောင့် ပုတယ်လေ ဆယ်နေကဲသော အပူဒဏ်ကိုပင် မေ့လျော့သွားမိသည်သို့ ရှိရသည်။ ကျောင်းထိုင်ကိုယ်တော် တစ်ပါး၊ ကိုရင်လေးနှစ်ပါးနှင့် ကျယ်ပြောခန့်ထည်လှသော ကျောင်းကြီးသည် အဘယ်မျှ အေးချမ်းလိုက်ပါသနည်း။ ထို အေးချမ်းမှုသည် ကျွန်တော့်ရင်ထဲသို့ ကူးစက် ဝင်ရောက်လာပြီး ကြွပ်ကြွပ်မြည်မျှ ပူလောင်နေသော အပူရှိန်ကို ကျွန်တော် မေ့လျော့သွားမိခြင်းပင် ဖြစ်ပါမည်။ ဤသို့သော ကျောင်းတော်ကြီးမျိုး၌ စာချ၊ စာသင် ရဟန်း၊ သာမဏေများဖြင့် ဝေဝေဝစည်နေခဲ့သော် မည်မျှ ကောင်းချေမည်နည်း။

ထိုသို့ ကျွန်တော် တွေးတောငေးမောနေဆဲမှာပင် အမျိုးသား၊ အမျိုးသမီးတစ်သိုက် ကျောင်းပေါ်သို့ တက်လာပြီး ဝတ်ဖြည့်လာကြသည်။ ကျောင်းရှိ ကိုရင်လေးနှစ်ပါးသည် အပြေးအလွှား သွားရောက် သတင်းပို့ချေသောကြောင့် ရောက်လာကြခြင်းပင်။ ရန်ကုန်က ကိုယ်တော်တွေ ဆိုတော့လည်း ဖူးတွေ့ချင်ပေမပေါ့။ သူတို့တစ်တွေသည် အရွယ်စုံအစားစား ဖြစ်ကြပါသည်။ သူတို့ထဲတွင် လူကြီး၊ လူငယ် အသွယ်သွယ် ဖြစ်သည်။ အပိန်၊ အဝ အစားစား ဖြစ်သည်။ အားလုံးပေါင်း ဆယ့်လေးငါးယောက်ခန့် ရှိမည်။ သူတို့တွင် တူညီချက် တစ်ခုသည် တစ်ပြေးညီ ရှိနေသည်။ အသက်အရွယ် ကွာခြားသော်ငြား၊ အပိန်အဝ မတူသော်ငြား ထို တူညီချက်သည်ကား ကွာခြား မနေကြ၊ ကွဲပြားမှု မရှိကြ။ ထို တူညီချက်မှာ သူတို့၏ အသားရောင် အသွေးအမွေးပင် ဖြစ်သည်။ သူတို့၏ အသားရောင်သည် နက်မှောင်မှောင် ဖြစ်သည်။ သူတို့၏ အသွေးအမွေးသည် ခြောက်သွေ့သွေ့ ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ရာသီဥတု ၏ဒဏ်ကို သူတို့တွေ ဘယ်လောက်ထိ ကြံ့ကြံ့ခံနေကြရသည် မသိ။ သူတို့ကို ကြည့်နေရင်း စောစောက မေ့ပျောက်သလို ဖြစ်နေခဲ့သော အပူလှိုင်းသည် ကျွန်တော့်ရင်ထဲသို့ မုန်တိုင်းဆင်လာခဲ့ပြန်ချေပြီကော။

ရပ်အကြောင်း၊ ရွာအကြောင်း၊ သာကြောင်း၊ မာကြောင်း စကားစမြည် ပြောဆိုပြီးကြသောအခါ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် ဆရာတော်မှ ယခု ကြွရောက်လာသည့် အကြောင်းရင်းကို မိန့်တော်မူသည်။ ယခု ရန်ကုန်မှ ကြွ ရောက်လာသော သံဃာတော် (၁၁) ပါးနှင့် ကျောင်းထိုင်ဆရာတော် အပါ အဝင် သံဃာတော် (၁၂) ပါးတို့သည် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော် ပွဲတော်ကြီးအား ဤကျောင်းကြီး၌ (၇) ရက်တိုင်တိုင် ဆင်ယင်ကျင်းပမည် ဖြစ်ကြောင်းပင်။

ထိုအခါ ဒကာ၊ ဒကာမတို့ တစ်ယောက်မျက်နှာ တစ်ယောက်က ကြည့်



ကြသည်။ ပြီးတော့ ကျောင်းထိုင်ဆရာတော်ကို ကြည့်သည်။ သူတို့ အကြည့် များထဲတွင် အဖြေထုတ်ရမှာ ခပ်ခက်ခက် ဖြစ်နေသော ပဟေဠိပုစ္ဆာတွေကို တွေ့နေရသည်သို့ ရှိသည်။

ဤအခါတွင် အကင်းပါးလှသော ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် ဆရာ တော်သည် ဆွေးနွေးပွဲကို ငေးငိုင် တွေဝေခြင်းဖြင့် ရပ်မထား၊ အိတ်သွန်ဖာ မှောက် ပြောစရာ ရှိသမျှ တောက်လျှောက် ပြောတော့သည်။ ဤရွာသည် သူ့ဇာတိရွာ၊ ဤလူတွေသည် သူ့သွေးသူ့သား သူ့သားချင်းများ ဖြစ်ကြသည်။ ထို့ကြောင့် စကားဆိုရာတွင် မကွယ်မထောက် တုတ်ထိုးအိုးပေါက် ဆိုတော်မူ သည်။

ဤသို့ ဆိုတော်မူမှ ကျွန်တော့်မှာ ဇာတ်ရည်လည်တော့သည်။

ဤရွာတွင် သာမက ရွာနီးချုပ်စပ်တွင်ပါ ယခင်နှစ်က မိုးကြီးခေါင်ခဲ့ပြီး ယခုနှစ်တွင်လည်း ရွာယောင်ဟန် မပြသေး။ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ကြ သော သကြံန်မိုးသည် နယုန်မိုးသေး မြက်သားမွေးချိန်တိုင် ရောက်ခဲ့သော်ငြား မရွာအားသေး။ ဤနှစ်ပွင့်မှ မိုးတိမ်တမန်တို့ အလည်တစ်ခေါက် မရောက်လာ ခဲ့သော် ဝမ်းစာရေးအဟွက် ခက်ရချေတော့မည်။ ယမန်နှစ်ကပင် ခြိုးခြံခဲ့ကြ သော စားနပ်ရိက္ခာနှင့် ငွေအသပြာတို့သည်လည်း ခပ်ပါးပါးလေးသာ ရှိတော့ သည်။ တချို့များဆိုလျှင် ရေကြည်ရာမြက်နုရာ အောက်ပြည်အောက်ရွာများ သို့ စွန့်စား ထွက်ခွာသွားကြပြီ။ ဤသို့ သရောခိုင်းနေသော အခါ၌ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ထမြောက်အောင်မြင်ဖို့ ဆိုသည်မှာ ခမျာများ အတွက် ကြီးလေးလှသော ဝန်တာကြီး တစ်ခုရယ်ပါ။ သံဃာတော် (၁၂) ပါးအတွက် ဆွမ်းကွမ်း ဝေယျာဝစ္စ၊ လှူဒါန်းထောက်ပံ့ရမည့် ကိစ္စများကလည်း မနည်းပါ။ ထို့အတွက် ခမျာများ မျက်နှာ မထားတတ်အောင် ဖြစ်နေကြခြင်းပါ။

ထို့ကြောင့် ကျွန်တော်ကို အဖွဲ့ခေါင်းဆောင် ဆရာတော်က ဆွမ်းကွမ်း အတွက် ပဓာန မထား၊ လှူဒါန်းထောက်ပံ့ရေးအတွက် အဓိက မထားသော စကားတွေကို မိန့်မြွက်တော်မူရသည်။ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖြစ် မြောက်ဖို့သည်သာ လိုရင်း ဖြစ်ကြောင်း မိန့်တော်မူပြီး အကျဉ်းရုံးနိုင်သမျှ အကျဉ်းရုံးထားသော အစီအစဉ်များကို ချမှတ်ပေးသည်။ ထိုအခါ ရွာသူရွာသား ဒကာ၊ ဒကာမတွေလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာရပြီ။တွေဝေနေလို့ မရတော့ပြီ။

ဤအခါကျမှ ကျွန်တော်ကို အဖွဲ့ခေါင်းဆောင် ဆရာတော်၏ ဤရွာ လေး၌ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖြစ်မြောက်ရန် စေတနာကို ကျွန်တော် နားလည်ခံစားမိတော့သည်။ လမ်းခရီးဝယ် ပူစပ်ပူလောင် ဖြစ်နေခဲ့ရသော ကျွန်တော်၊ လမ်းခရီး တစ်နေ့ရာမှ ရန်ကုန်သို့ ပြန်လှည့်ပြေးချင်ခဲ့သော ကျွန်တော်၊

www.burmeseclassic.com



ထို ကျွန်ုပ်သည် ယခု ရွာသူရွာသားတို့ ရင်ဆိုင်နေရသော အနေအထားကို မျက်မြင်ဒိဋ္ဌ ကြားသိရသောအခါ မပူအားတော့ပြီ၊ ပြန်လှည့် ပြေးချင်ခဲ့သော မိမိ၏ စိတ်ကစားခဲ့ပုံ အတွက်လည်း လိပ်ပြာမလုံ ဖြစ်ရသည်။

စင်စစ် ကျွန်တော့်အပူသည် စာဖွဲ့လောက်သောအပူ မဟုတ်။ အာဂန္တု အပူမျှသာ ဖြစ်သည်။ သူတို့ ပူနေကြသည်မှာ နှစ်မိုးသို့ပင် တိုင်ခဲ့ပြီ။

အကယ်ဆိုမူ မိုး ဟူသည်မှာ . . .

*ပြဟ္မာဦးခေါင်း၊ နတ်မင်းညောင်း၍၊ လှည့်ပြောင်းအမှန်၊ ကျသင်္ကြန်တုံ၊ မြိုင်ယံထူးစီ၊ ညှာမောင်းစီ၍၊ လေနီခြိမ့်တုန်း၊ ပွဲတင်ချွန်းသည်၊ မြူလုံးတောင်ရှိ မှိုင်းလေတည်း။*

ရှေးသူဟောင်းတို့ ထိုသို့ ဆိုခဲ့သည်။

တစ်ဖန်တုံလည်း ဤသို့ ဆိုပြန်သေးသည်။

*အတာဆန်းရက်၊ နောက်တစ်ရက်၊ ရေတွက် အစစ္စာ။*
*လေးဆယ်ကျူးမြောက်၊ တစ်ရာရောက်၊ ဖျောက်ဆိပ်မွန်းတည့်ခါ။*
*သည့်နောက်ဆင့်ပွား၊ လေးဆယ့်ငါး၊ ရက်အားရောက်သောခါ။*
*သရဏဏ်မွန်းတည့်၊ မှတ်ယူဘိ၊ ရှုကြည့်မိုးပေါ်မှာ။*

ထိုသို့ ဤသို့ ရှေးသူဟောင်းတို့ အမှတ်အသားအရ ယခု ကာလသည် မိုးရွာဖို့ ကောင်းလှပြီ။ ယခု မိုးသည် မည်သည့်အရပ်သို့ ပြေးသနည်း။ ရွာချိန် တန်ပါလျက် တစ်စက်တစ်ပေါက်မျှပင် လွင့်စဉ် မလာခဲ့။ ကိုရွှေမိုးသည် အဘယ် စိတ်ကူးဖြင့် မမြူးထူး မရွှင်ပျ စိမ်းကားလေစွသနည်း။

သံယုတ်ပါဠိတော်တွင် မိုးရွာကြောင်း အကြောင်း ရှစ်ပါး ရှိသည်။ ထို ရှစ်ပါးကို မဆိုမီ၊ လောလောလတ်လတ် သိချင်လှသော မိုးမရွာခြင်း အကြောင်း ငါးပါးကို သုံးသပ်ကြည့်ပါမည်။

(၁) ဥပရိ အာကာသေ တေဇောဓာတု ကုပ္ပတိ ◦ အထက်ကောင်းကင်၌ တေဇောဓာတ်ပျက်၍ မရွာခြင်း။
(၂) ဝါယောဓာတု ကုပ္ပတိ ◦ လေဓာတ်ပျက်၍ မရွာခြင်း။
(၃) ရာဟု အသုရိန္ဒော ◦ ရာဟု ခေါ် အသုရိန်နတ်ကြီးသည် လက်ဝါးဖြင့် ခံ၍ သမုဒ္ဒရာသို့ သွန်ပစ်သောကြောင့် မရွာခြင်း။
(၄) ဝလာဟက ◦ ဝလာဟက ခေါ် မိုးနတ်သားတို့သည် မလှည့်ပတ် မမြူးထူးကြဘဲ မိမိတို့၏ ဗိမာန်အတွင်း၌သာ နတ်စည်းစိမ် အယစ်လွန်၍ မေ့နေကြသဖြင့် မရွာခြင်း။
(၅) မနုဿ အဓမ္မိကာ ◦ လူသားတို့ တရားလက်လွှတ် ငှက်တောင်ကျတ်



ပြီး အကျင့်သီလ ကောက်ကျစ်ယုတ်မာသောကြောင့် မရွာခြင်း။

ဟုတ်ပေပြီ။ ဤအကြောင်းတရားတို့ တစ်ပါးပါး ဖြစ်ခဲ့သော်၊ သို့တည်း မဟုတ် နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါး စသည် ဖြစ်ခဲ့သော် မိုးမရွာပြီ။ ဤသို့ ဆိုလျှင် မိုးသည် အဘယ် အကြောင်းတရားတို့ကြောင့် ရွာသွန်းနိုင်ပါလိမ့်။ ရွာသွန်းဖို့ရန် အကြောင်းဖန်သည့် ရှစ်တန်သော အကြောင်းတို့မှာ သိချင်စရာ ကောင်းလာပြီ။

(၁) နဂါးတို့၏ အာနုဘော်ကြောင့် မိုးရွာသည်။
(၂) ဂဠုန်တို့၏ အာနုဘော်ကြောင့် မိုးရွာသည်။
(၃) နတ်တို့၏ အာနုဘော်ကြောင့် မိုးရွာသည်။
(၄) သစ္စာတရားကြောင့် မိုးရွာသည်။
(၅) ဥတုအစွမ်းကြောင့် မိုးရွာသည်။
(၆) မာရ်နတ် လှည့်ပတ်သောကြောင့် မိုးရွာသည်။
(၇) တန်ခိုးကြီးမားသူတို့၏ အာနုဘော်ကြောင့် မိုးရွာသည်။
(၈) ကမ္ဘာပျက်မည် ရှိသောအခါ မိုးရွာသည်။

သြော် . . . မိုးရွာသည် ဆိုသည်မှာ ဤအကြောင်းများကြောင့်ပေပဲ။ ကျွန်တော်တို့သည် မိုးရွာလျှင် မိုးရေချိုးမည်၊ မေမေ လာလျှင် နို့စို့မည်၊ ဖေဖေ လာလျှင် အုန်းသီးခွဲစားမည်၊ ဤမျှလောက်သာ သိကြသည်။ ဤမျှ အသိတရားဖြင့် ကျွန်တော်တို့ ဘဝတွင် မပြည့်စုံနိုင်ကြောင်း ယခု ရင်ဆိုင်နေရသော ပြဿနာက အဖြေပေးနေပြီ။

ကျွန်တော်နှင့် မိုး၊ မိုးနှင့် ကျွန်တော် လူမသိ သူမသိ အင်တာဗျူး လုပ်နေစဉ်မှာပင် ရွာသူရွာသားတစ်သိုက် ကတိုက်ကရိုက်ဖြင့် ကျောင်းပေါ်မှ ဆင်းသွားကြသည်။ သူတို့သည် ကျဲကျဲတောက်စွာ လင်းရောင်ဖြာနေသော ဒေါင်းဖန်ဝါ ရှင်နေမင်းကို မမှု၊ တချို့ ရွာထဲသို့ ဝင်ကြသည်။ တချို့ ရွာပြင်သို့ ထွက်ကြသည်။

ကျောင်းပေါ်မှာ ကျန်ခဲ့သော သံဃာတော်များနှင့် ကိုရင်လေးနှစ်ပါးတို့သည် ကျောင်းပေါ်တွင် လုပ်ငန်း စကြပြီ။ အသံမစဲ မဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲအတွက် ပြင်ဆင်ကြပြီ။ ဖုန်တွေကို လှည်းသူက လှည်း၊ ရွှေတန်ဆာ ရွှေသူက ရွှေ၊ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်ကို သန့်ရှင်းပြုပြင်သူက သန့်ရှင်းပြုပြင်၊ ကုသိုလ်ဇောအဟုန်ကြောင့် ထွက်လာသော ချွေးတို့သည် အပူရှိန်ကို ဥပေက္ခာပြုခဲ့ချေပြီကော။

ကျွန်တော်တို့ လှုပ်လှုပ် လှုပ်လှုပ်ဖြင့် အလုပ်လုပ်နေကြသည်မှာ မည်မျှကြာသွားပြီကိုပင် အမှတ် မပြုမိ။ ကျောင်းပေါ်သို့ တဖွဲဖွဲ တက်လာသော အသံတွေ ကြားရတော့မှ လှည့်ကြည့်ဖြစ်သည်။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ် ရွှေညာသူ တစ်သိုက်၊ ပြီးတော့ ကလေးတွေလည်း ပါလိုက်သေး၊ ဂျာရစ်ဝိုင်းလေးတွေနှင့်၊ ဦးစွန်းဖုတ် နှပ်ချေးတွဲလောင်းတွေနှင့်၊ သူတို့ကို ကြည့်ပြီး ရင်ထဲမှာ ပျော်သွားသလိုလို ရှိသည်။ ဤ ပဒိုသတ်နှင့်ဆိုလျှင် ကျွန်တော်တို့၏ ပဋ္ဌာန်းပွဲသည် မစည်ကားစရာ အကြောင်း မရှိ။ သူတို့သည် ဘိုးခွက်ပန်းကန်တွေ ရွက်လာကြသည်။ ဖျာတွေရိုင်တွေ ပွေ့လာကြသည်။ ပြီးတော့ ရေအိုးလေးတွေ ရွက်လာကြသည်။ သူတို့ ထိုသို့ ရောက်လာသောအခါ ကိုယ်တော်တွေ လက်ထဲက တံမြက်စည်းတို့၊ ကြက်တောင်မွှေးတို့သည် တစ်လှည့်တစ်ပြန် အသုံးတော်ခံရန်အတွက် သူတို့လက်ထဲသို့ ကူးပြောင်းသွားကြပြီ။ ဤအခါမှ ကိုယ်တော်တို့သည်လည်း သင်္ကန်းလေးတွေ ပြန်ပြင်ရုံပြီး အနားရတော့သည်။ 'အင်း . . . ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး ပဋ္ဌာန်းပွဲပါတကား' ဟူ၍ ကျိတ်တွေးကာ ကျိတ်ပြုံးလေး ပြုံးမိသေးတော့၏။

ထိုစဉ် ကျောင်းရှေ့မှ ဆူဆူညံညံ အသံတွေ ကြားရသည်။ ထွက်ကြည့်သောအခါ စောစောက ထွက်သွားသော ဒကာတွေ နွားလှည်းကြီးဖြင့် ပြန်ရောက်လာကြခြင်း ဖြစ်သည်။ နွားလှည်းပေါ်မှာ ဓာတ်စက်တွေ၊ လော်စပီကာကြီးတွေနှင့်။ သူတို့ မျက်နှာတွေကလည်း ပြုံးပျော်နေကြသည်။

ဤသို့ဖြင့် နောက်တစ်နေ့ နံနက် (၉) နာရီတိတိ မင်္ဂလာအချိန်တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို စတင် ကျင်းပနိုင်ခဲ့ပြီ။ ပထမဦးဆုံး ရွတ်ဖတ်ပူဇော်တော်မူသော အရှင်မြတ်မှာ ဦးပညာစက္က ဖြစ်ကြောင်း ကျွန်တော် မှတ်မိနေပါသည်။ ကျွန်တော့်အလှည့်က အမှတ်စဉ် (၉)။ (၉) ဂဏန်းသမားဖြစ်သော ကျွန်တော်သည် (၉) ဂဏန်းဖြင့် အကျိုးပေးပေစွ။ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ရန် အလှည့်ကျ ကိုယ်တော်များကို မဲနှိုက်၍ စီစဉ်သောအခါ ကျွန်တော့် မဲနံပါတ်က (၉) ဖြစ်သည်။ သံဃာတော်အရှင်သူမြတ်တစ်ပါးသည် မိမိ အလှည့်တွင် တစ်နာရီတိတိ ရွတ်ဖတ်ပူဇော်ရမည် ဖြစ်ပါသည်။ သာယာကြည်လင်ပြီး အောင်မြင်ခံ့ညားသော အရှင်မြတ် ဦးပညာစက္က၏ ပဋ္ဌာန်း ဒေသနာတော်ကြီး ရွတ်ဖတ်ပူဇော်နေသံသည် ထက်အောက်ဝန်းကျင်နှင့် အရပ် ရှစ်မျက်နှာသို့ လွှင့်ပျံ့နေပါသည်။ မလွှင့်ပျံ့ဘဲ နေနိုင်ရိုးလား၊ လော်စပီကာကြီး လေးလုံးဖြင့် အရပ်လေးမျက်နှာသို့ အသံကို မိုင်ကုန်လွှင့်ထားသည်ပဲ။

အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဆိုသည်နှင့်အညီ သံဃာတော် တစ်ပါးပြီးတစ်ပါး မရပ်မနား ရွတ်ဖတ်ပူဇော်လာခဲ့သည်မှာ ပထမနေ့၏ ညနေပိုင်း သုံးနာရီသာသာခန့်သို့ ရောက်လာခဲ့ပြီ။

ကျွန်တော့်အလှည့်မှာ ညနေ ခြောက်နာရီလောက် ဖြစ်သည်။ ထို့ကြောင့် အချိန်ရသေးသည်။ ရသောအချိန်မှာ ကျောင်းရှေ့က အရိပ်ကောင်းလှသော



မန်ကျည်းပင်ကြီးအောက်မှာ ကျွန်တော် ရောက်နေသည်။ အလှည့်ကျ သံဃာတော် ရွတ်ဖတ်နေသော ပဋ္ဌာန်းဒေသနာတော်ကြီးကို အာရုံပြု ကြည်ညိုရင်း မန်ကျည်းပင်ရိပ်မှာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေခြင်း ဖြစ်သည်။ ဤသို့ စင်္ကြံလျှောက်နေခြင်း၊ ပဋ္ဌာန်းတရား၌ အာရုံပြုနေခြင်းကြောင့် အပူဒဏ်ကို မေ့လျော့သလိုဖြစ်ပြီး နေရထိုင်ရတာ သက်သောင့်သက်သာ ရှိသလိုပင်။

ထိုအခိုက်ဝယ် တိုးဝှေ့ဖြတ်သန်းလာသော လေပြည်ကလေးကြောင့် ကျွန်တော့်စိတ်ထဲမှာ တစ်မျိုး ခံစားလိုက်ရသည်။ စိတ်ထဲမှာလည်း သက်သာယန မကင်းသလို ဖြစ်မိသည်။ လေသည် အေးမြနေယောင်ပါတကား။ နေပူပူ လေပူပူကိုသာ ထိတွေ့နေရသော ခန္ဓာကိုယ်သည် အေးမြသော အထိအတွေ့ကြောင့် ရုတ်တရက် ကြောင်သွားဟန် ရှိသည်။ ပဋ္ဌာန်းတရားတော်အရဆိုလျှင် ဖဿကြောင့် ဝေဒနာ ဖြစ်သွားခြင်းပင်။ ထို ခံစားချက်နှင့် တစ်ပြိုင်နက်မှာပင် ကျွန်တော့် မျက်နှာက ကောင်းကင်သို့ မော့ကြည့်ပြီးသား ဖြစ်နေသည်။

အလို . . . အနောက်တောင် တစ်ခိုမှာ မိုးတွေ ညို့နေပါပေါ့လား။

ဤသို့ ရုတ်တရက် ပြောင်းလဲလာသော ဥတုရာသီကို ကျွန်တော်တစ်ယောက်တည်း သတိပြုမိသည် မဟုတ်ပါ။ ဝေယျာဝစ္စ ဝိုင်းဝန်း လုပ်ကိုင်နေကြသော အများသူငါတို့သည်လည်း သတိပြုမိကြသည်သာ။ သူတို့သည် မိုးရိပ်ဆင်လာသော အနောက်တောင်တစ်ခွင်ကို လှမ်းမျှော်ကြည့်ရင်း အံ့ဩငေးမောနေကြသည်။ မိုးသည် ရွာဟန်ပြင်ပြီးမှ ရှောင်ပြေးသွားမည်ကိုလည်း စိုးထင့်နေကြဟန် ရှိသည်။ သူတို့ မိုးကို မျှော်ခဲ့သည်မှာ တရှိုက်မက်မက် တတမ်းတတ မဟုတ်လား။ ထိုသို့ ကြည့်နေကြဆဲမှာပင် မိုးသားတိမ်လိပ်တို့သည် ညို့ခနဲ တက်လာကြသည်။ လေတိုက်နှုန်းကလည်း တဖြည်းဖြည်း မြင့်တက်သိပ်သည်းလာသည်။ လေနှင့်အတူ မိုးပေါက်လေးတွေ ဖြိုးဖြိုးဖြောက်ဖြောက် ပါလာပြီ။ ဖြိုးခနဲ ဖြောက်ခနဲ မိုးပေါက်လေးများနှင့် မရှေးမနှောင်းမှာပင် မိုးဖွဲလေးက ဖြည့်စွက်လာခဲ့သည်။ ထို့နောက် မိုးသည် တကယ် ရွာချေပြီ။ ဟုတ်ပါသည်။ ရွှေညာမှာ ရွှေမိုးငွေမိုး ရွာချေပြီ။

ဝိမာန်တွင်း၌ စည်းစိမ်ယစ်ကာ မေ့မောနေသော မိုးနတ်သားသည် ဤရွာကလေးမှ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲသို့ သာဓုအနုမောဒနာခေါ်ဆိုရန် မြူးထူးပျော်ပါး ပြေးလွှားရောက်လာခဲ့ပြီ ဖြစ်ပါတော့သတည်း။

တက္ကသိုလ်တင်ဟန်ကျော်

BURMESE CLASSIC .com

www.burmeseclassic.com